မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၈၁)

အင်ဒိုနီးရှားနိုင်ငံ စုမားတြားကျွန်းအနီး မြေငလျင်လှုပ်မှုကြောင့် အသက်အိုးအိမ်ဆုံးရှုံးခဲ့ခြင်းအတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာများပေးပို့

ရန်ကုန် မတ် ၂၉

၂၀၀၅ ခုနှစ် မတ် ၂၈ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ စုမားတြားကျွန်းအနီး၌ မြေငလျင်လှုပ်ခတ်ခဲ့ခြင်းကြောင့် ထိုဒေသရှိ ပြည်သူများ၏ အသက်အိုးအိမ် ပစ္စည်းများဆုံးရှုံးခဲ့ခြင်းအတွက် ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုယိုနိုထံသို့လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာယူဆွတ်ကာလာထံသို့လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုယိုနိုထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာအင်နိယာတ်ဆန်ဝီရာယုဒထံသို့လည်းကောင်း ဝမ်းနည်းကြောင်း သဝဏ်လွှာများကို ပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေး ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းများ ဖတ်ကြားတင်ပြ

ရန်ကုန် မတ် ၂၉

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာ၌ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်းလုံး၏ ကိုယ်ရေးအကျဉ်းပြုတ္တိ

စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ်
မစ္စတာလီရှန်းလုံး

မစ္စတာလီရှန်းလုံးသည် ၁၉၅၂ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် မွေးဖွားခဲ့ပါသည်။ နန်ယန်းမူလတန်းကျောင်း၊ ကက်သလစ်အထက်တန်းကျောင်းနှင့် National College တို့တွင် ပညာသင်ကြားခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် ဗြိတိန်နိုင်ငံ ကင်းဘရစ်တက္ကသိုလ်မှ သင်္ချာဘာသာဘွဲ့(ဂုဏ်ထူးတန်းပထမအဆင့်)နှင့် Computer Science ဒီပလိုမာတို့ကိုရရှိခဲ့ပါသည်။ ၁၉၈၀ ပြည့်နှစ်တွင် အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ Public Administration ဆိုင်ရာ မဟာဝိဇ္ဇာဘွဲ့ရရှိခဲ့ပါသည်။

၁၉၇၁ ခုနှစ်တွင် စင်ကာပူတပ်မတော်သို့ ဝင်ရောက်ခဲ့ပြီး ၁၉၈၄ ခုနှစ်အထိ ရာထူးတာဝန်အဆင့်ဆင့်ဖြင့် ဗိုလ်မှူးချုပ် ရာထူးတိုင်အောင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၈၄ ခုနှစ်တွင် နိုင်ငံရေးလောကသို့ ကူးပြောင်းဝင်ရောက်ခဲ့ကာ People's Action Party မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်အရွေးခံခဲ့ပြီး ၁၉၈၈၊ ၁၉၉၀၊ ၁၉၉၇၊ ၂၀၀၁ ခုနှစ် ရွေးချယ်တင်မြှောက်ပွဲများတွင် ပြန်လည်ရွေးချယ်ခံခဲ့ရပါသည်။ ၁၉၈၆ခုနှစ်တွင် People's Action Party ၏ ဗဟိုအမှုဆောင် ကော်မတီဝင်အဖြစ်လည်းကောင်း၊ ၁၉၈၉ ခုနှစ်တွင် ဒုတိယလက်ထောက် အတွင်းရေးမှူးချုပ်အဖြစ်လည်းကောင်း၊ ၁၉၉၂ ခုနှစ်တွင် လက်ထောက်အတွင်းရေးမှူးချုပ်အဖြစ်လည်းကောင်း၊ ၂၀၀၄ခုနှစ် ဒီဇင်ဘာလတွင် အတွင်းရေးမှူးချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၁၉၈၄ခုနှစ်တွင် ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့တွင် Minister of State အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၈၆ ခုနှစ်တွင် ခေတ္တကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးအဖြစ်တာဝန်ပေးအပ်ခံရပြီး ၁၉၈၇ ခုနှစ်တွင် ဝန်ကြီးအဖြစ် အတည်ပြုခန့်အပ်ခံရပါသည်။ တစ်ချိန်တည်းမှာပင် Second Minister for Defence အဖြစ် ပူးတွဲခန့်အပ်ခံရပါသည်။ ၁၉၉၀ပြည့်နှစ်တွင် ဒုတိယဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခံရပြီး ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးအဖြစ် ၁၉၉၂ခုနှစ်အထိ ဆက်လက်တာဝန်ယူခဲ့ပါသည်။ ဒုတိယဝန်ကြီးချုပ်တာဝန် ထမ်းဆောင်စဉ်အတွင်း ၁၉၉၈ခုနှစ်တွင် စင်ကာပူငွေကြေးဆိုင်ရာ အာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၂၀၀၁ ခုနှစ်တွင် ဘဏ္ဍာရေးဝန်ကြီးအဖြစ်လည်းကောင်း ပူးတွဲတာဝန်ထမ်းဆောင်ခဲ့ပါသည်။

၂၀၀၄ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ဝန်ကြီးချုပ် မစ္စတာ ဂိုချောက်တောင်ထံမှ ဝန်ကြီးချုပ်တာဝန်ကို လွှဲပြောင်းလက်ခံခဲ့ပါသည်။ ဝန်ကြီးချုပ် မစ္စတာလီရှန်းလုံးသည် ဘဏ္ဍာရေးဝန်ကြီး တာဝန်ကို ပူးတွဲထမ်းဆောင်လျက်ရှိပါသည်။

ဇနီးဖြစ်သူ မဒမ်ဟိုချင်းနှင့်လက်ထပ်ပြီး သား သုံးဦး၊ သမီးတစ်ဦးရှိပါသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ မတ်လ ၃၀ ရက်)

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်တပ်မတော်နှင့်ပြည်သူ လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံရေးအယူဝါဒ ကွဲပြားမှုများ၊ ပြည်တွင်းရောင်စုံသောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့သည်။ ထို့ကြောင့် ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံရေးအတွက် တပ်မတော်သားများသည် အသက်၊ သွေး၊ ချွေး စွန့်လွှတ်၍ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ပေးခဲ့ကြရသည်။

ယင်းကာလတွင် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သော်လည်း ပြည်တွင်းသောင်းကျန်းမှု အခြေအနေကြောင့် ပီပီပြင်ပြင် မကျင့်သုံးနိုင်ဘဲ တဖြည်းဖြည်း အားနည်းခဲ့ရသည်။ နောက်ဆုံးတွင် ပါတီများ စိတ်ဝမ်းကွဲပြားကာ ဒီမိုကရေစီနိုင်ငံရေးစနစ်ကြီး လုံးဝချုပ်ငြိမ်းသွားခဲ့ရသည်။

ယင်းသို့ ပါတီစုံစနစ်တွင် စိတ်ဝမ်းကွဲပြားမှု၊ တစ်ပါတီစနစ်တွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ထိန်းကျောင်းမှုစနစ် အားနည်းမှု၊ ပယောဂပေါင်းစုံ၏ သွေးထိုးမှုများကြောင့် ၁၉၈၈ခုနှစ်၌ နိုင်ငံတော် အုပ်ချုပ်ရေးယန္တရားကြီး ရပ်ဆိုင်းသွားသည်အထိ ဖြစ်ခဲ့ရသည်။

ယင်းအခြေအနေ အချိန်အခါတွင် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်က နိုင်ငံတော်၏တာဝန်ကို ရယူခဲ့ရသည်။ တပ်မတော်သည် နိုင်ငံတော်အေးချမ်းသာယာရေးအတွက် ဦးစားပေးဆောင်ရွက်ပြီးနောက် နိုင်ငံတော်တည်ဆောက်ရေး အတွက် ခွဲ၊ လုံ့လ၊ ဝီရိယ ကြီးမားစွာဖြင့် ဖော်ဆောင်ခဲ့သည်။

ယခုအခါ ပြည်သူနှင့်တပ်မတော်တို့ လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ခဲ့သောကြောင့် နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ဆက်လက်၍အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးဆိုသည့် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်၍ တစ်ဆင့်ချင်း အကောင်အထည်ဖော်လျက်ရှိသည်။

၂၀၀၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကျင်းပသော နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

“နိုင်ငံရေးအရ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာဖို့ ပြည်သူတွေရဲ့ အချုပ်အခြာအာဏာကို မူလပိုင်ရှင်ဖြစ်တဲ့ ပြည်သူ့ထံသို့ ပြန်လည်အပ်နှင်းပေးရမှာ ဖြစ်တယ်။ ဒီလို အပ်နှင်းတဲ့အခါ စနစ်တကျနဲ့ အေးအေးချမ်းချမ်း၊ မှန်မှန်ကန်ကန် ဖြစ်စေရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်အရ အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပလျက်ရှိနေပြီ ဖြစ်တယ်”

ဟူ၍ မြွက်ကြားသွားသည်။

ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီးတွင် အလွှာပေါင်းစုံနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ ကိုယ်စားလှယ်များသည် နေရာဒေသအနှံ့အပြားမှ လာရောက်စုဝေးကြပြီး အကြံကောင်း၊ ဉာဏ်ကောင်း များနှင့် လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးတိုင်ပင် ညှိနှိုင်းလျက်ရှိကြသည်။ ညီလာခံကိုယ်စားလှယ်များ၏ စည်းကမ်းရှိမှု၊ တာဝန်သိသိ တက်ညီလက်ညီ ပါဝင်ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ရမည့်ကိစ္စရပ်များ အရှိန်အဟုန်ကောင်းကောင်းဖြင့် ဆောင်ရွက်လာနိုင်ခဲ့ရာ ယခုအခါ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းတွင် အခြေခံရမည့် အသေးစိတ် အခြေခံမူများကို ချမှတ်နိုင်ခဲ့ပြီဖြစ်သည်။

ဆက်လက်၍ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍတို့အတွက် အသေးစိတ်အခြေခံရမည့် မူများချမှတ်နိုင်ရန် အစုအဖွဲ့အလိုက် ညှိနှိုင်းဆွေးနွေးပြီး အကြံပြုချက်များ တင်ပြလျက်ရှိသည်။ အမျိုးသားညီလာခံကြီး အောင်မြင်စွာ ပြီးမြောက်ချိန်တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် များကို ဆက်လက်ဖော်ဆောင်ပြီး ပြည်သူများလိုလား တောင့်တလျက်ရှိသော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ ဆက်လက်၍ လက်တွဲညီညီ ကြိုးပမ်းဆောင် ရွက်ကြခြင်းဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာမည်မှာ မလွဲဧကန်ပင်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီးဗိုလ်ချုပ်ကြည်အောင် ကမ္ဘောဇသာဒီနန်းတော်ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၉

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဟန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းဇော်တို့လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက ပဲခူးမြို့ရှိ ဘုရင့်နောင် မင်းတရားကြီး၏ ကမ္ဘောဇသာဒီ ရွှေနန်းတော်သို့ ရောက်ရှိရာ ညွှန်ကြားရေးမှူး ဒေါ်စန္ဒာခင်က ကမ္ဘောဇသာဒီနန်းတော် ဝင်း၌ မြေခင်းပြုပြင်မှု၊ သစ်ပင်ပန်းမန်စိုက်ပျိုးထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် နန်းတော်ဝင်းအတွင်းရှိ ရေကန်ကိုလည်းကောင်း၊ ပန်းဥယျာဉ်ကိုလည်းကောင်း လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဝန်ကြီးသည် ကမ္ဘောဇသာဒီရွှေနန်းတော်ကြီးအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ ရွှေနန်းတော်ကြီး ရေရှည်ခိုင်ခံ့အောင် ထိန်းသိမ်းရေး၊ နန်းတော်အတွင်း လာရောက်သူများ ကြည့်ရှုလေ့လာနိုင်ရန် နန်းဆောင်များ၏ ပန္နက်ပုံ၊ တူးဖော်မှုလုပ်ငန်း မှတ်တမ်းဓာတ်ပုံ၊ တည်ဆောက်မှု မှတ်တမ်းဓာတ်ပုံများ ပြသထားရှိရန်နှင့် ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းများကို တာဝန်ရှိသူများအား မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မကွေးမြို့ အောင်မြေရတနာကျောင်းတိုက် ငွေရတုဓမ္မရုံသိမ်မာန်တော် ရေစက်ချ ကျောင်းလွှတ်ပူဇော်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၉

မကွေးတိုင်း မကွေးမြို့ အောင်မြေရတနာကျောင်းတိုက် ငွေရတုဓမ္မရုံသိမ်မာန်တော် ရေစက်ချကျောင်းလွှတ် ပူဇော်ပွဲနှင့် သိက္ခာထပ် ရှင်ပြုနားသ အလှူတော်မင်္ဂလာသဘင်ကို မတ်၂၇ရက်က မကွေးမြို့ ကန်သာရပ် အောင်မြေ ရတနာစာသင်တိုက်၌ ကျင်းပသည်။

အစီအစဉ်အရ နံနက်ပိုင်းတွင် ငွေရတုဓမ္မရုံသိမ်မာန်တော် ဖွင့်ပွဲ ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် အလှူရှင်များဖြစ်ကြသော ဦးမောင်မောင် (ဇေယျာရွှေမြေကုမ္ပဏီ)–ဒေါက်တာနီလာသိန်း(မျက်စိအထူးကုဆရာဝန်)၊ သမီး ကြေးမုံခင်၊ သား မင်းသုမောင် မိသားစုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အလှူတော်မင်္ဂလာ ဒုတိယပိုင်း အစီအစဉ်ကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ ဆရာဦးကျော်ဆန်း (မကွေးတက္ကသိုလ်)၏ကျောင်းလွှတ်ပူဇော်ပွဲ အခါတော်ကြား ဧကပိုဒ်လင်္ကာများကို တေးသံရှင်ကြူကြူသင်းက လျှောက်ထားပန်ဆင်ပြီး တက်ရောက်လာကြသော ဧည့်ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ထံမှ ပရိသတ်များက သရဏဂုံသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ သံဃာတော် အရှင်သူမြတ်များက မေတ္တာသုတ်၊ ဝဋ္ဋသုတ် ပရိတ်တော်များကို ရွတ်ပွားသရဇ္ဈာယ်ကြပြီးနောက် ရေနံချောင်းမြို့ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက် စာချဆရာတော် အရှင်ရေဝတ ရေးစပ်သီကုံးသည့် မော်ကွန်းတင်ရတုပိုဒ်စုံသီချင်းများကို စန္ဒရား ဘသန်းတင်က သီဆိုရွတ်ဖတ်ပူဇော်သည်။

ယင်းနောက် ငွေရတုဓမ္မရုံသိမ်မာန်တော် ကျောင်းဒါယိကာမ မျက်စိအထူးကု ဆရာဝန် ဒေါက်တာနီလာသိန်းက ကျောင်းဆောက် လှူဒါန်းရခြင်း အကြောင်း ဝမ်းမြောက်ဖွယ် အနုမောဒနာလျှောက်ထားလွှာကို ဖတ်ကြားပြီးနောက် တေးသံရှင် ဒေါက်တာစိုးမင်းက ငွေရတုဓမ္မရုံသိမ်မာန်တော် ဘွဲ့အံ့ချီးမင်္ဂလာသီချင်းကို သီဆိုပူဇော်သည်။

ထို့နောက် သက်တော်ရှည် မကွေးဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြားကြပြီး ရေစက်သွန်းချအမျှပေးဝေကာ မွန်းလွဲပိုင်းတွင် ကျောင်းလွှတ်ပူဇော်ပွဲအခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။ ကျောင်းလွှတ်ပူဇော်ပွဲနှင့်အတူ ဆရာတော်ကြီးကိုးပါးတို့အား သိက္ခာထပ်ပွဲ၊ ရှင်ပြုနားသ အလှူတော်မင်္ဂလာပွဲတို့ကိုပါ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်နေ့ပြပွဲ ပြည်သူများကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၂၉

နှစ်(၆၀)ပြည့် တပ်မတော်နေ့ပြပွဲကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ယနေ့ဆက်လက်ဖွင့်လှစ်ပြသသည်။ အထူးပြခန်းတစ်ခုဖြစ်သည့် တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြု လုပ်ငန်းများပြခန်း၌ နေ့စဉ်မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း ကွန်ပျူတာဉာဏ်စမ်း ပြိုင်ပွဲကို ကျင်းပပေးလျက်ရှိပြီး ဆုရရှိသူများအားဆုများချီးမြှင့်သည်။ ယနေ့ပြပွဲသို့ နိုင်ငံခြားသားများ အပါအဝင် ရဟန်းရှင်လူ ပြည်သူလူထု စုစုပေါင်း ၃၄၀၀ ကျော် လာရောက် ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၃၀–၃–၂၀၀၅
(ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄း၂၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၄၀ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၄း၅၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၀၀ ၈။ **“မမှောင်သောအလင်း”** (အပိုင်း–၁၀)
- ၅း၃၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၄၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ မိုးလေဝသသတင်း
- ၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ငယ်ချစ်ဦး”** (အပိုင်း–၂၆)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မြိုင်ဟေဝန်က သိုင်းလုလင်”** (အပိုင်း–၉)

နှစ်(၆၀)ပြည့် တပ်မတော်နေ့စာပေအနုပညာပြိုင်ပွဲပြပွဲ ပြည်သူများကြည့်ရှု

ရန်ကုန် မတ် ၂၉

နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အများပြည်သူတို့အား ဖွင့်လှစ်ပြသထားရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသားကျောင်းသူများ၊ ရပ်ကွက်ရှင်လူပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြသည်။

ပြပွဲ၌ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲပြပွဲဆိုင်ရာ ဉာဏ်စမ်းမေးခွန်းဖြေဆိုပွဲကို နေ့စဉ်ကျင်းပပေးလျက်ရှိပြီး ဖြေဆိုပွဲအပြီးတွင် ဆုငွေများကို ချီးမြှင့်ပေးအပ်သည်။

အဆိုပါပြိုင်ပွဲပြပွဲကို ဧပြီ ၄ ရက်အထိ ဖွင့်လှစ်ပြသထားမည်ဖြစ်သည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

(၂၆-၃-၂၀၀၅ မှ ၄-၄-၂၀၀၅)

(မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့အဓိဋ္ဌာန်

“နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အသက်စွန့်မည့် မျိုးချစ်မြန်မာ့တပ်မတော်သည် အဖျက်ရန်စွယ်အန္တရာယ် မှန်သမျှကို ပြည်သူလူထုနှင့်အတူ လက်တွဲ ချေမှုန်းပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အရောက် ချီတက်မည်ဟု အဓိဋ္ဌာန်ပြုပါ၏။”

နှစ်(၆၀)ပြည့်တပ်မတော်နေ့ အခမ်းအနားများ မြစ်ကြီးနား၊လားရှိုး၊မန္တလေး၊မော်လမြိုင်နှင့်ပုသိမ်တို့၌ကျင်းပ စစ်ကြောင်းများချီတက်ရာလမ်းတစ်လျှောက်ပြည်သူများလှိုက်လှိုက်လှဲလှဲကြိုဆို

ရန်ကုန် မတ် ၂၉

နှစ်(၆၀)ပြည့် တပ်မတော်နေ့အခမ်းအနားကို မတ်၂၇ရက် နံနက်၇နာရီခွဲတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပရာအခမ်းအနားသို့ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ဇနီး ဒေါ်တင်တင်နွဲ့၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်း၊ မြစ်ကြီးနားလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးဗိုလ်မှူးချုပ်ဇော်ထွန်းနှင့်တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုကြိုဆို

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက နှစ်(၆၀)ပြည့် တပ်မတော်နေ့ မိန့်ခွန်းပြောကြားပြီး စစ်ရေးပြ စစ်ကြောင်းတပ်ခွဲများက တိုင်းမှူးအား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြု၍ စစ်ရေးပြကွင်းအတွင်းမှ ပြန်လည် ထွက်ခွာသွားကြရာ စစ်ကြောင်းများ ချီတက်ရာလမ်းကြောင်းတစ်လျှောက်၌ ပြည်သူများက အောင်သပြေပန်းစည်းများ၊ ပန်းကုံးများဖြင့် လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆိုကြသည်။

မိန့်ခွန်းပြောကြား

ထို့အတူ နှစ်(၆၀)ပြည့်တပ်မတော်နေ့အခမ်းအနားကို မတ်၂၇ရက် နံနက် ၇နာရီတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အစီအစဉ်အရ စစ်ရေးပြစစ်ကြောင်းတပ်ခွဲများသည် စုရပ်နေရာမှ စစ်ကြောင်းပုံဖြင့်ချီတက်လာကြရာ တပ်နယ်မိသားစုဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ပန်းစည်း၊ပန်းကုံးများဖြင့် သောင်းသောင်းဖျဖျကြိုဆိုကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က နှစ်(၆၀)ပြည့်တပ်မတော်နေ့ မိန့်ခွန်းပြောကြားပြီး ဆုရစစ်ကြောင်း တပ်ခွဲများအား ဆုများပေးအပ်ချီးမြှင့်သည်။

အလားတူ နှစ်(၆၀)ပြည့်တပ်မတော်နေ့အခမ်းအနားကို မတ်၂၇ရက် နံနက် ၈နာရီတွင် မန္တလေးတိုင်း နန်းမြို့ကျောက်တိုင်ကွင်း၌ ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် တက်ရောက် မိန့်ခွန်းပြောကြားသည်။

နံနက် ၉ နာရီတွင် နန်းမြို့တပ်နယ်စစ်ရေးပြကွင်း၌ စစ်ရေးပြစစ်ကြောင်းအလိုက် အကောင်းဆုံးတပ်ခွဲများ ဆုချီးမြှင့်ပွဲကို ကျင်းပရာ တိုင်းဦးစီး(ဗိုလ်မှူးကြီး) ဗိုလ်မှူးကြီး သိန်းဦးတက်ရောက်၍ဆုရစစ်ကြောင်း၊ တပ်ခွဲများအား ဆုများ အသီးသီး ပေးအပ် ချီးမြှင့်သည်။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ အခမ်းအနားကို မတ် ၂၇ ရက် နံနက် ၇ နာရီတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ရွှေနတ်တောင် အားကစားကွင်း၌ ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက် မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့မှ နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့် ပြိုင်ပွဲများတွင် အထူးဆုရရှိသူများအား တိုင်းမှူးက ဆုများချီးမြှင့်ကြောင်းသိရှိရသည်။

အလားတူ နှစ်(၆၀)ပြည့် တပ်မတော်နေ့အခမ်းအနားကို မတ်၂၇ရက် နံနက်၇နာရီတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် တက်ရောက် မိန့်ခွန်းပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က နှစ်(၆၀)ပြည့် တပ်မတော်နေ့ မိန့်ခွန်းပြောကြားပြီး စစ်ရေးပြစစ်ကြောင်းကြီးများအလိုက် ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်၍ စစ်ကြောင်းများ၏ စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုမှုကိုခံယူသည်။

ယင်းနောက် တပ်မတော်နေ့အထိမ်းအမှတ်ပြိုင်ပွဲများအလိုက် ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဆုရရှိကြသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

ဓမ္မပူဇာသဘင်

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက် နွယ်နီ၁၆လမ်းထိပ်ရှိ ဆုတောင်းပြည့်နွယ်နီဦး မဟာပဋ္ဌာန်းစေတီတော်ဝင်းအတွင်း၌ ဧပြီ ၁ ရက်တွင် တွံတေးအရှင် ဣန္ဒက(ဗဟုဇနဟိတဓရ ကမ္မဋ္ဌာနာစရိယ)သီရိမင်္ဂလာ မဟာစည်ရိပ်သာကျောင်းဆရာတော်၊ ဧပြီ ၂ ရက်တွင် ဦးသုဇာတ(ထိလာ၊ ဓမ္မကထိက) အရှင်သူမြတ်၊ ဧပြီ ၃ ရက်တွင် အရှင်ခေမာသိရီလင်္ကာရ(ဗဟုဇနဟိတဓရ မဟာဓမ္မကထိက၊ ပိဋကတ် တစ်ပုံခွဲဆောင်၊ သီတဂူ ကြာတစ်ပွင့်) ရွှေပြည်ဟိန်းကျောင်းဆရာတော် အရှင်သူမြတ်ကလည်းကောင်း ညစဉ် ၆နာရီ၌ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အလှူရှင်စင်ကာပူနိုင်ငံမှ ရွှေကျောင်းဆရာတော် ရှီဖာဆော့ (Vererable Shi Fazhao) ကိုယ်စား တပည့်ဒါယကာဦးလှသိန်း(Sri Asia Travel and Tour)က လူမှုဝန်ထမ်း ဦးစီးဌာန အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာန(မန္တလေး)သို့ အလှူငွေ ကျပ် နှစ်ဆယ့်ငါးသိန်း ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ် စိန်ထွား လက်ခံစဉ်။(လူမှုဝန်ထမ်း)

အမျိုးသမီးများအားပြုစုစောင့်ရှောက်ရေးဌာန(မန္တလေး)သို့ငွေလှူဒါန်း ဝန်ကြီးဗိုလ်ချုပ်စိန်ထွားတက်ရောက်အလှူငွေလက်ခံရယူ

ရန်ကုန် မတ် ၂၉

လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများအား ပြုစုစောင့်ရှောက်ရေးဌာန (မန္တလေး)သို့ အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်း ဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင် စင်ကာပူသမ္မတနိုင်ငံ ရွှေကျောင်းဆရာတော် ရှီဖာဆော့(Vererable Shi Fazhao) ကိုယ်စား Sri Asia Travel and Tour မှ ဦးလှသိန်းက ငွေလှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အမျိုးသမီးများအား ပြုစုစောင့်ရှောက်ရေးဌာန(မန္တလေး)အတွက် အလှူငွေ ကျပ် ၂၅ သိန်းကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးခြားသည့်နေ့အပူချိန်များ

၂၉-၃-၂၀၀၅

မကွေး	(၄၁)ဒီဂရီစင်တီဂရိတ်	(၁၀၆ ဒီဂရီဖာရင်ဟိုက်)
ညောင်ဦး၊ မင်းဘူး၊ ပုသိမ်၊ ဘားအံ	၄၀ ဒီဂရီစင်တီဂရိတ်	(၁၀၄ ဒီဂရီဖာရင်ဟိုက်)

မြန်မာ့ရုပ်မြင်သံကြား

၃၀-၃-၂၀၀၅
(ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချို့အေးမင်္ဂလာတေး
၇:၅၅	၆။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၀	၇။	အဆိုပြိုင်ပွဲ
၈:၂၀	၈။	ဘော်ဘင်ရေလှောင်တမံ
၈:၃၀	၉။	International News
၈:၄၅	၁၀။	Let's Go
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading.
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၇:၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၁၅	၆။	လက်ဆင့်ကမ်းအမွေ
၁၇:၃၀	၇။	သီချင်းကြီးပဒေသာ
၁၇:၄၅	၈။	မြန်မာစာ၊ မြန်မာစကား
၁၈:၀၀	၉။	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၈:၁၅	၁၀။	Discovery
၁၈:၂၀	၁၁။	မှုဟန်သွယ်သွယ်ဆိုကြမယ်
၁၈:၃၀	၁၂။	ညနေခင်းသတင်း
၁၉:၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၄။	ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၁၉:၁၅	၁၅။	တေးဂီတအစီအစဉ်
၁၉:၂၅	၁၆။	လိုင်စင်မဲ့မော်တော်ယာဉ် လက်ဝယ်ပိုင်ဆိုင်ထားသူများ သတိပြုဖွယ်
၁၉:၃၅	၁၇။	အမျိုးသား ညီလာခံဂုဏ်ပြုတေး
၂၀:၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	**မမောင်သောအလင်း (အပိုင်း-၁၅)(ဇာတ်သိမ်းပိုင်း) “အချစ်စစ် အချစ်မှန်ဟူသည်”** (ကျော်သူ၊ ဖိုးသောကြာ၊ဗျိုက်၊ ရတနာခင်၊သူသူဟံသာ၊ ရှုမဝစမ်းစမ်းအေး) (ဒါရိုက်တာ-သက်တင်)
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

နိုင်ငံခြားသတင်းများ

လွတ်လပ်သောကုန်သွယ်ရေး သဘောတူစာချုပ်
တောင်ကိုရီးယားနှင့် စင်ကာပူနိုင်ငံတို့ ချုပ်ဆိုကြမည်

ဆိုးလ် မတ် ၂၇

တောင်ကိုရီးယားနိုင်ငံသည် အာရှပြိုင်ဘက်အီလက်ထရွန်းနစ် ထုတ်ကုန်ထုတ်လုပ်သူများပြီး ကြီးထွားလာသော ကုန်သွယ်မှုအပေါ် စည်းကြပ်အခွန်များ ဖြတ်တောက်ရန် ရည်ရွယ်၍ လာမည့်လတွင် စင်ကာပူနိုင်ငံနှင့် လွတ်လပ်သော ကုန်သွယ်ရေးစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးလိမ့်မည်ဖြစ်ကြောင်း တောင်ကိုရီးယားဘဏ္ဍာရေးဝန်ကြီးဌာနက သောကြာနေ့တွင် ပြောကြားလိုက်သည်။

ယင်းကဲ့သို့ စာချုပ်လက်မှတ်ရေးထိုးမှုသည် တောင်ကိုရီးယားနိုင်ငံအတွက် ဒုတိယစာချုပ်ဖြစ်မည်ဖြစ်ကြောင်း၊ ယခင်နှစ်က ချီလီနိုင်ငံနှင့် စာချုပ်ချုပ်ဆိုခဲ့ကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။ သို့ရာတွင် စင်ကာပူနှင့် စာချုပ်မှုသည် စင်ကာပူနိုင်ငံ၌ လယ်ယာကဏ္ဍ ထုတ်ကုန် အနည်းငယ်သာရှိသဖြင့် အလားအလာနည်းပါးသည်ဟု ဆိုသည်။

အဆိုပါစာချုပ်မှုသည် ဂျပန်နိုင်ငံနှင့်လွတ်လပ်သော ကုန်သွယ်ရေးဆွေးနွေးပွဲ အရှိန်မြှင့် ဆောင်ရွက်ရာတွင် ထောက်ကူပေးလိမ့်မည် ဖြစ်ကြောင်း၊ အရှေ့တောင်အာရှ နိုင်ငံများ (အာဆီယံ)နှင့် ဥရောပလွတ်လပ်သော ကုန်သွယ်ရေးအသင်း(အီးအက်ဖ်တီအေ)တို့နှင့်အတူ စာချုပ်ဆွေးနွေးမှုများ ဆက်တိုက် လုပ်ဆောင်နိုင်လိမ့်မည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံက မျှော်လင့်ထားသည်။ အီးအက်ဖ်တီအေတွင် နော်ဝေ၊ အိုက်စလန်၊ ဆွစ်ဇာလန်၊ လက်ချင်စတိန်းနိုင်ငံများ ပါဝင်သည်။ စင်ကာပူနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ၂၀၀၃ခုနှစ်က နှစ်နိုင်ငံ ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၁၁ဒသမ ၆ဘီလီယံဖိုး ရှိခဲ့သည်။ လွန်ခဲ့သော ၁၀နှစ်ကထက် နှစ်ဆတိုးတက်ခဲ့သည်ဟု ဆိုသည်။

ချုပ်ဆို

သဘာဝအရင်းအမြစ်များ မရှိသော စင်ကာပူနိုင်ငံသည် အမေရိကန်၊ ဩစတြေးလျ၊ နယူးဇီလန်၊ ဂျပန်၊ ဂျော်ဒန်၊ အီးအက်ဖ်တီအေတို့နှင့် လွတ်လပ်သော ကုန်သွယ်ရေးစာချုပ်များ ချုပ်ဆိုခဲ့ပြီးဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

အာရှ နိုင်ငံတကာလေဆိပ်ကြီးများ ကမ္ဘာ့အကောင်းဆုံး လေဆိပ်ကြီးများဖြစ်

ဂျီနီဗာ မတ် ၂၇

အာရှလေဆိပ်ကြီးများကို နိုင်ငံတကာ ခရီးသွားဧည့်သည်များက ကမ္ဘာ့အကောင်းဆုံး လေဆိပ်ကြီးများအဖြစ် သတ်မှတ်လာကြကြောင်း၊ ဟောင်ကောင်က ထိပ်တန်းနေရာတွင်ရှိကြောင်း၊ ဆိုးလ်မှအင်ချီယွန်နှင့် စင်ကာပူမှ ချန်ဂီလေဆိပ်များသည်လည်း အကောင်းဆုံးဖြစ်ကြောင်း လေကြောင်းခရီးသွားလုပ်ငန်းတစ်ခုက ဗုဒ္ဓဟူးနေ့က လေ့လာချက်ကို ထုတ်ပြန်သည်။

အကောင်းဆုံး

ယခင်က ဒူဘိုင်းလေဆိပ်သည် အရှေ့အလယ်ပိုင်းနှင့် အာဖရိကတွင် အကောင်းဆုံးဖြစ်သည်။ ကိတ်တောင်းနှင့် ဒါဘင်တို့က ၎င်း၏နောက်မှ လိုက်သည်။

အမေရိကတွင် ကနေဒါမှ ဟာလီဖစ်လေဆိပ်သည် အကောင်းဆုံးဖြစ်သည်။ ယင်း၏နောက်မှဥရောပရှိ မီနီယာပေါလစ်နှင့် ဆန်ဒီယာဂိုတို့လိုက်သည်။

ထုတ်ပြန်

လေ့လာချက်များအရ ၂၀၀၄ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ လေဆိပ်ကြီး ၄၀ရှိကြောင်း၊ နိုင်ငံတကာလေဆိပ်ကောင်စီနှင့် နိုင်ငံတကာလေကြောင်းပို့ဆောင်ရေးအသင်းတို့က ကြေညာချက် ထုတ်ပြန်လိုက်သည်။

အမ်အင်အေ၊ရိုက်တာ

ပြူပြင်ထိန်းသိမ်း

တရုတ်နိုင်ငံရှန်ဟိုင်းမြို့ အဆောက်အအုံတစ်ခုအား ပြုပြင်ထိန်းသိမ်းနေသော အလုပ်သမားတစ်ဦးကို မတ် ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ခရီးသည်တင်ကားများ မလေးရှားၽ၌ရောင်းချရန် အိန္ဒိယတာတာကုမ္ပဏီ မျှော်မှန်းထား

ကွာလာလမ်ပူ မတ် ၂၇

အိန္ဒိယနိုင်ငံ၏ အကြီးဆုံးကားထုတ်လုပ်သည့် ကုမ္ပဏီဖြစ်သော တာတာမော်တော်ကားလီမိတက် သည် မလေးရှားနိုင်ငံတွင် ခရီးသည်တင်ကားများ ရောင်းချရန် မျှော်မှန်းထားကြောင်း ဘာနာမာ သတင်းဌာနက သောကြာနေ့၌ သတင်းဖော်ပြလိုက်သည်။

တာတာမော်တော်ကား ကုမ္ပဏီသည် မလေးရှားနိုင်ငံတွင် ကုန်တင်ထရပ်ကားများကို တပ်ဆင်ရောင်းချပြီးနှင့်ပြီ ဖြစ်သော်လည်း ခရီးသည်တင် ကားများကို တိုးချဲ့ရောင်းချလိုသည်။

မျှော်လင့်

တာတာခရီးသည်တင်ကားထုတ်လုပ်ရောင်းချရေးလုပ်ငန်း အဖွဲ့အမှူးဆောင် ညွှန်ကြားရေးမှူး ဗီဆူမန်ထရန်က မလေးရှားနိုင်ငံ၌ ဈေးကွက်လေ့လာရေး ကနဦးလုပ်ဆောင်ချက်သည် အပြုသဘောဆောင်သည်ကို တွေ့ရကြောင်းနှင့် လာမည့်နှစ်တွင် ပေါ်ပေါက်လာမည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

တင်ပို့

တာတာမော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီသည် ယင်းမှထုတ်လုပ်သော ကားများကို ဥရောပ၊ အာဖရိက၊ တောင်အမေရိက၊ အာရှနှင့် ဩစတြေးလျရှိနိုင်ငံ ၇၀ကျော်သို့ တင်ပို့ရောင်းချခဲ့သည်။

ထုတ်လုပ်

မလေးရှားနိုင်ငံအပြင် တာတာ ကုမ္ပဏီသည် ဘင်္ဂလားဒေ့ရှ်၊ ကင်ညာ၊ တောင်အာဖရိကနှင့် အီဂျစ်တို့တွင်လည်း ကားများကို တပ်ဆင်ထုတ်လုပ်လျက်ရှိသည်။

(အင်တာနက်)

တရုတ်ရုပ်မြင်သံကြားနှင့် ထုတ်လွှင့်မှုနည်းပညာသစ်များဆိုင်ရာဖိုရမ် အစိုးရအရာရှိများ၊ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြ

ပေကျင်း မတ် ၂၇

တရုတ်ရေဒီယို၊ ရုပ်ရှင်နှင့် တီဗွီနည်းပညာရပ်ဆိုင်ရာဂျာနယ်သည် ရုပ်မြင်သံကြားနှင့် ထုတ်လွှင့်ရေး နည်းပညာသစ်များအပြင် လူထုဆက်သွယ်ရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဖိုရမ်တစ်ရပ်ကို ပေကျင်း၌ ကြာသပတေးနေ့က စီစဉ်ကျင်းပခဲ့သည်။ တီဗွီအစီအစဉ်ထုတ်လွှင့်မှု၊ အချက်အလက် လက်ခံရရှိမှုနှင့် လူထုဆက်သွယ်ရေးများတွင် နည်းပညာသစ်အများအပြားကိုသုံးထားနှင့်ပြီးဖြစ်ကြောင်း ယင်းဖိုရမ်၌ တရုတ်ရေဒီယိုနှင့် ရုပ်မြင်သံကြားအသင်း ဒုတိယဥက္ကဋ္ဌ လီယူစီလင်းက ပြောကြားသည်။

တက်ရောက်

အဆိုပါတိုးတက်သော နည်းပညာသစ်များဖြင့် လူထုဆက်သွယ်ရေးများလုပ်ငန်း၌ လုပ်ကိုင်နေကြသူများသည် နည်းပညာများအား အရှိန်မြှင့်တင်ပြီး စီးပွားရေးဆန်ဆန်လုပ်ဆောင် သွားကြရန်လိုအပ်ကြောင်း လီယူက ပြောကြားသည်။ ယင်းဖိုရမ်သို့ အစိုးရအရာရှိများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ကုမ္ပဏီများမှ ကိုယ်စားလှယ်များ ၂၀၀ကျော် တက်ရောက်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

မီးလောင်ပျက်စီး

မိုဆူးလ်မြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက် မီးလောင်ပျက်စီးနေသော မော်တော်ယာဉ်တစ်စီးကို မတ် ၂၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံအနှံ့ ဗုံးခွဲမှုနှင့် တိုက်ခိုက်မှုများဖြစ်ပွား

ဘဂ္ဂဒက် မတ် ၂၇

အီရတ်နိုင်ငံ အလယ်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် ကြာသပတေးနေ့နှင့် သောကြာနေ့များ၌ အသေခံဗုံးဖောက်ခွဲမှုများနှင့် လက်နက်ကိုင် တိုက်ခိုက်မှုများကြောင့် လူ၂၃ဦးထက်မနည်း သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ထိုတိုက်ခိုက်မှုများမှာ အသေခံကားဗုံးခွဲမှုသုံးခု၊ အဆင့်မြင့်ရဲအရာရှိတစ်ဦးအား လုပ်ကြံသတ်ဖြတ်မှုအပြင် အမေရိကန်စစ်တပ်အတွက် သန့်ရှင်းရေးအလုပ်သမား အီရတ်အမျိုးသမီးငါးဦးအား သတ်ဖြတ်မှုတို့ ဖြစ်သည်။

သေဆုံး

ရာမာဒီတွင် ကြာသပတေးနေ့က ဖောက်ခွဲရေးပစ္စည်းများ အပြည့်တင်ထားသော ကားတစ်စီးအား အသေခံကားဗုံးခွဲသူတစ်ဦးကမောင်းပြီး မြို့အရှေ့ဘက်ရှိ စစ်ဆေးရေးစခန်းကို ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် အီရတ်ရဲကိုးဦးသေဆုံးပြီး ၁၆ဦးဒဏ်ရာရခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာန အရာရှိများက ပြောကြားသည်။ နောက်ပိုင်း၌ အမေရိကန်စစ်ဘက်က အီရတ်ရဲ ၁၁ဦးသေဆုံးပြီး အရပ်သားနှစ်ဦး ဒဏ်ရာရရှိကြောင်း ပြောကြားသည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

တရုတ်၌ လက်ဖက်ရည်ကြမ်း သောက်သုံးမှု အဆင့်မြှင့်တင် နှစ်စဉ် လက်ဖက်ခြောက်တန်ချိန် ငါးသိန်းသုံးစွဲခဲ့

ဟန်ကျိုး မတ် ၂၈

တရုတ်အစိုးရအနေဖြင့် လက်ဖက်ရည်ကြမ်းကို နိုင်ငံ၏ အဓိကရသောက်သုံးဖွယ်ရာအဖြစ် သတ်မှတ်သင့်ကြောင်း နိုင်ငံတော်အဆင့်ရှိ တရုတ်အဖွဲ့အစည်းငါးခုက အဆိုပြုတင်ပြထားသည်။

လက်ဖက်ရည်ကြမ်းကို အဆင့်မြှင့်တင်ပေးခြင်းသည် တရုတ်လူမျိုးများ၏ ရိုးရာယဉ်ကျေးမှုနှင့် လက်ဖက်ရည်ကြမ်းသောက်သုံးမှုကို အဆင့်မြှင့်တင်ရာတွင် အထောက်အကူဖြစ်စေမည့်ပြင် တရုတ်နိုင်ငံတွင် လက်ဖက်ခြောက်လုပ်ငန်းကို ကြီးထွားရှင်သန်ရန် အထောက်အကူဖြစ်စေမည်ဟုဆိုသည်။

တိုက်တွန်း

ယင်းအဆိုပြုချက်က နိုင်ငံတစ်ဝန်းလုံးတွင် လက်ဖက်ရည်ကြမ်းသောက်သုံးခြင်း ပိုမိုရေပန်းစားစေရန်အတွက် ကြိုးပမ်း အားထုတ်သွားရန်နှင့်အရက်အဖျော်ယမကာအစား ပြည်တွင်းနှင့် ပြည်ပမှ ဧည့်သည်များကို ကြိုဆိုဧည့်ခံရာတွင် လက်ဖက်ရည်ကြမ်းကို အသုံးပြုရန် အကြံပြုတိုက်တွန်းထားသည်။

နောက်ထပ်လည်း အဖွဲ့အစည်းရှစ်ခုက လက်ဖက်ရည်ကြမ်းသောက်သုံးသည့်နေ့ ထူထောင်သွားရန် အကြံပြုတင်ပြထားသည်။ အဆိုပြုချက်အရ တရုတ်နိုင်ငံသည် လက်ဖက်ပင် စတင်ပေါက်ဖွားရှင်သန်ရာ ဒေသဖြစ်သည့်အပြင် လက်ဖက်ပင်စိုက်ပျိုးခြင်းနှင့် လက်ဖက်ရည်ကြမ်းသောက်သုံးခြင်း အလေ့အထသည် သက်တမ်း အားဖြင့် နှစ် ၄၀၀၀မှ ၅၀၀၀ ရှိပြီဖြစ်ကြောင်း သိရသည်။

နှစ်သက်

လက်ဖက်ရည်ကြမ်းကို လူ့အလွှာအသီးသီးနှင့် အရွယ် အသီးသီးက ကြိုက်နှစ်သက်ကြပြီး လက်ရှိအခြေအနေ၌ တရုတ်နိုင်ငံတွင် နှစ်စဉ်လက်ဖက်ခြောက် တန်ချိန် ၅၀၀၀၀၀ ခန့် သုံးစွဲခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဈေးသည် ... ရောင်းချ

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ အသားများထုပ်ပိုး ရောင်းချသော စတိုးဆိုင်ကြီးတစ်ဆိုင်တွင် ဈေးဝယ်သူများကို မတ်၂၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လျှော့ဒဏ်သက်သာရန် ဂျပန်အစိုးရ ၁၀ နှစ်စီမံကိန်းရေးဆွဲ

တိုကျို မတ် ၂၈

ဂျပန်နိုင်ငံအလယ်ပိုင်းနှင့် အနောက်ပိုင်းတို့တွင် တုန်လှုပ်ခဲ့သည့် အင်အားပြင်းထန်သော မြေငလျင်များကြောင့် လူများသေဆုံးမှုနှင့် စီးပွားရေးလုပ်ငန်းများ ပျက်စီးရမှုတို့ကြောင့် ယင်းတို့မှ လျော့ပါးသက်သာစေရန်အတွက် အကူအညီပေးမည့် ၁၀နှစ်တာစီမံကိန်းတစ်ရပ်ကို ဂျပန်အစိုးရက ရေးဆွဲနေပြီဖြစ်ကြောင်း ဂျပန်နိုင်ငံရှိ မီဒီယာများက တနင်္ဂနွေနေ့တွင် ဖော်ပြကြသည်။

ဂျပန်နိုင်ငံတောင်ဘက်စွန်းရှိ အဓိကကျွန်းကြီးတစ်ကျွန်းဖြစ်သော ကျူရှူးကျွန်းတွင် ပြီးခဲ့သည့် သီတင်းတစ်ပတ်ခန့်က အင်အားရစ်ချ်တာစကေး ၇ဒသမ၀ အဆင့်ရှိသော ငလျင်တစ်ခုလှုပ်ခဲ့ပြီးနောက် အဆိုပါစီမံကိန်းရေးဆွဲရန် ဗုဒ္ဓဟူးနေ့က ဂျပန်အစိုးရက သဘောတူခဲ့ခြင်းဖြစ်သည်။

ကျူရှူးကျွန်းတွင် လှုပ်ခဲ့သည့် ငလျင်ကြောင့်လူတစ်ဦးသေဆုံးပြီး လူ ၄၀၀ကျော်ဒဏ်ရာရရှိခဲ့ကာ ရာပေါင်းများစွာသော အိုးအိမ်များ ပျက်စီးခဲ့ရသည်။ ဂျပန်နိုင်ငံရှိ ငလျင်ကြောင့် ဆူနာမီဖြစ်ပေါ်ရန် အလားအလာများသော ဒေသများအား လာမည့်ငါးနှစ်အတွင်းဆူနာမီဘေးအန္တရာယ်ကာကွယ်နိုင်ရန် မြေပုံများထုတ်ဝေပေးရန်လည်း ယင်းစီမံ ကိန်းတွင် ပါရှိသည်။

အင်အားပြင်းထန်သော မြေငလျင်လှုပ်ပြီးနောက် ဖြစ်ပေါ်လာသော စီးပွားရေးဆိုင်ရာ ပျက်စီးမှုများနှင့် သေဆုံးမှုအရေအတွက် လျော့ကျစေရန် ဂျပန်အစိုးရက ယခုကဲ့သို့ စီမံကိန်းရေးဆွဲခြင်းသည် ပထမဆုံးဖြစ်ကြောင်း ကျိုဒို သတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ

အင်ဒိုနီးရှားစုမားတြားကျွန်းအနီး၌ ရစ်ချ်တာစကေး၈ ဒသမ၇ရှိ အင်အားပြင်းငလျင်လှုပ်

ဘန်ဒါအာချေး မတ် ၂၉

ရစ်ချ်တာစကေး၈ဒသမ ၇ ရှိသော အင်အားပြင်းငလျင်တစ်ခု အင်ဒိုနီးရှားနိုင်ငံစုမားတြားကျွန်းအနီး မီဒန်မြို့၏ အနောက်တောင်ဘက် ၂၄၅ကီလိုမီတာ (မိုင်၁၅၀) အကွာ၌ တနင်္လာနေ့ည ၁၁ နာရီ(၁၆၀၀ဂျီအမ်တီ)၌လှုပ်သွားခဲ့ရာ အဆောက်အအုံများပြိုကျမှုကြောင့် လူ ၂၀၀၀အထိ သေဆုံး ဖွယ်ရှိပြီး အိန္ဒိယသမုဒ္ဒရာတစ်ဝန်းတွင် ထိတ်လန့်တုန်လှုပ်မှုဖြစ်ခဲ့ရသည်။

အဆိုပါငလျင်သည် အင်ဒိုနီးရှားလူမျိုး ၂၂၀၀၀၀ သေဆုံးကာ ပျောက်ဆုံးခဲ့ကြရသည့် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က လှုပ်သွားခဲ့သော ငလျင်ကြီးဖြစ်ပေါ်ပြီး နောက်သုံးလအကြာ၌ လှုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းငလျင်ကြောင့် လူ ၁၀၀၀ မှ ၂၀၀၀ ထိ သေဆုံးဖွယ်ရာရှိကြောင်း အင်ဒိုနီးရှားဒုတိယသမ္မတ ယူဆွတ်ဖ်ကာလာအား ဘီဘီစီက အင်္ဂါနေ့၌ တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။

ပျက်စီး

ယခုလှုပ်ခဲ့သည့် ငလျင်ဒဏ်ကို နီအက်စ်ကျွန်းသည် အပြင်းထန်ဆုံးခံရပြီး အဆိုပါကျွန်းရှိ ဂန်နန်ဆီတိုလီမြို့မှ အဆောက်အအုံအားလုံး၏ ၈၀ ရာခိုင်နှုန်းထက်မနည်း ပျက်စီးခဲ့ရသည်ဟု နီအက်စ်ကျွန်းဒုတိယခရိုင်အုပ်ချုပ်ရေးမှူး အဂ္ဂါစ်မင်ဒရိုဖာက ပြောကြားသည်။ မီဒန်မြို့အနောက်တောင်ဘက် ၂၄၅ကီလိုမီတာ(၁၅၀မိုင်)ခန့်၌ အဆိုပါပင်လယ်ပြင်အောက်ငလျင် တနင်္လာနေ့ည ၁၁နာရီ (၁၆၀၀ဂျီအမ်တီ) တွင် လှုပ်ခဲ့ပြီး နောက်ဆူနာမီသတိပေးချက်ကို အင်ဒိုနီးရှားအရာရှိများက ထုတ်ပြန်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်၏ အနောက်တောင် ကမ်းရိုးတန်းရှိ အာချေးဆင်ကီလ်မြို့သည် အဆိုပါငလျင်ကြောင့် ပျက်စီးခဲ့ကြောင်း အန်တာရာသတင်းဌာနက ပြောကြားသည်။ လူ ၁၀၀၀၀ ကျော်၎င်းတို့၏ နေအိမ်များမှ ထွက်ပြေးကြရကြောင်း၊ မြို့မှာပျက်စီးခဲ့ကြောင်း အဆောက်အအုံများအက်ကွဲသို့မဟုတ်ပြိုကျခဲ့ကြောင်း လျှပ်စစ်ဓာတ်မီးတိုင်များပြိုလဲကုန်ပြီး လမ်းများကွဲအက်ကုန်ကြောင်း သတင်းဌာနက ဖော်ပြသည်။ လျှပ်စစ်မီးများပြတ်တောက်နေသဖြင့် ငလျင်ကြောင့် ဒဏ်ရာရသူအများအပြားကို ဆေးဝါးကုသရန်အခက်အခဲရှိကြောင်း မင်ဒရိုဖာကပြောကြားသည်။ ယခုလှုပ်ခဲ့သောငလျင်ကြောင့် ဆူမတ္တရာ၏အကြီးဆုံးမြို့ဖြစ်သောမီဒန်မြို့မှာ အနည်းငယ်သာပျက်စီးမှုရှိခဲ့ပြီး အာချေးဒေသအပါအဝင်ကျွန်းနေရာအနှံ့အပြား၌ လျှပ်စစ်မီးပြတ်တောက်ခဲ့သည်။ **(အင်တာနက်)**

ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အဆောက်အအုံတစ်ခု ပျက်စီးသွားသည်ကို မတ် ၂၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကာ့ဒ်ထိပ်တန်းအရာရှိတစ်ဦး ကယ်ကွတ်၌ တိုက်ခိုက်ခံရ

ကယ်ကွတ် မတ် ၂၈

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့တွင် တနင်္ဂနွေနေ့က ကာ့ဒ်ထိပ်တန်းအရာရှိတစ်ဦးအား လုပ်ကြံသတ်ဖြတ်မှုတစ်ရပ် ဖြစ်ပွားရာ ထိုကာ့ဒ်အရာရှိမှာ အသက်ဘေးမှ လွတ်မြောက်သွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများနှင့် တရားဝင်သတင်းများက ပြောကြားသည်။

ကာ့ဒ်ဒီမိုကရက်တစ်ပါတီ၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ နာဂျက်ဟာဆင်ကာရင်သည် သူ၏ယာဉ်တန်းအား လမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခြင်းခံရရာ ၎င်း၏ ကိုယ်ရံတော်တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ တိုက်ခိုက်မှု၏ နောက်ကွယ်တွင် အစ္စလာမ်မစ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများရှိမည်ဟု ယုံကြည်ကြောင်း ကာရင်က ပြောကြားသည်။

လွန်ခဲ့သည့် ၂၀၀၃ခုနှစ်မတ်လမှ စတင်ကာ အီရတ်ကို အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ ကျူးကျော်ဝင်ရောက်ခဲ့ချိန်မှ စတင်ကာ အီရတ်နိုင်ငံရေးခေါင်းဆောင်များကဲ့သို့ပင် ကာ့ဒ်အရာရှိများလည်း လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ၏ တိုက်ခိုက်သတ်ဖြတ်ခြင်းကို ခံခဲ့ကြရသည်။

ကာ့ဒ်တို့အနေဖြင့် အီရတ်မြောက်ပိုင်းတွင် ရေနံအဓိက ထွက်ရှိသော ကယ်ကွတ်အပါအဝင် နေရာများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရန် လိုလားလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ

ပြင်သစ်နိုင်ငံ၏ အိမ်မွေးတိရစ္ဆာန် ကုန်သွယ်မှုပြပွဲ မလေးရှားမှ အလှပြငါးကို စိတ်ဝင်စားသူ ပိုမိုများပြားခဲ့

ကွာလာလမ်ပူ မတ် ၂၈

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် မကြာသေးမီက ပြသခဲ့သော ပြင်သစ်နိုင်ငံတကာဆိုင်ရာ အိမ်မွေးတိရစ္ဆာန်လုပ်ငန်း ကုန်သွယ်မှုပြပွဲတွင် မလေးရှား ငါးလုပ်ငန်းကုမ္ပဏီလေးခုနှင့် ငါးလုပ်ငန်းဌာနတို့က မလေးရှားနိုင်ငံ၏ အလှပြငါးကို စိတ်ဝင်စားသူ ပိုမိုများပြားခဲ့သည်။

ဖော်ပြ

မတ်လ၂၀ရက်မှ ၂၂ရက်ထိကျင်းပခဲ့သော ကမ္ဘာ့အကြီးမားဆုံး အိမ်မွေးတိရစ္ဆာန် ပြပွဲတစ်ခုဖြစ်သည့် အိတ်စ်ပိုဇူး ၂၀၀၅ခုနှစ်၌ မလေးရှားပြခန်းသို့ လာရောက်ကြည့်ရှုကြသူများသည် မလေးရှားနိုင်ငံရှိ အလှပြ ငါးလုပ်ငန်းဆိုင်ရာ သတင်းထုတ်ပြန်ချက်များကို ရယူခဲ့ကြသည်ဟု ပါရီရှိမလေးရှားသံရုံးက စနေနေ့၌ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ထိပ်တန်းနိုင်ငံ

မလေးရှားနိုင်ငံသည် ကမ္ဘာတွင် အလှပြငါးကို ထုတ်လုပ်သည့် ထိပ်တန်းတစ်နိုင်ငံဖြစ်ပြီး ပြည်တွင်းနှင့် ပြည်ပဈေးကွက်များအတွက် မွေးမြူရေး ငါးမျိုးစိတ် ၂၅၀ကျော် အပါအဝင် ငါးမျိုးစိတ်၅၅၀ကျော်ရှိသည်။

တင်ပို့

၂၀၀၂ခုနှစ်အတွင်း၌မလေးရှားနိုင်ငံသည် အလှပြငါးမျိုးစိတ် ၄၀၇ဒသမ ၈သန်း ထုတ်လုပ်ခဲ့ပြီး ယင်းအနက်မှ ၉၅ရာခိုင်နှုန်းကို တင်ပို့ရောင်းချခဲ့သည်။ ဥရောပသမဂ္ဂဝင်နိုင်ငံများသည် မလေးရှားနိုင်ငံ၏ ပင်လယ်ရပ်ခြား ဈေးကွက်များအနက် တစ်ခုဖြစ်သည်။

(အင်တာနက်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌအား ဂျပန်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ အကြံပေးပုဂ္ဂိုလ်တွေ့ဆုံ

ရန်ကုန် မတ် ၂၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့အား ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ အကြံပေးပုဂ္ဂိုလ် Ms. Yumiko Tanaka နှင့် (JICA Myanmar Office)မှ Ms. Takamatsu Kana တို့သည် ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဌေ့ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ စည်းရုံးရေး ဌာန ဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦး၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးလုပ်ငန်းဌာန ဌာနကြီးမှူး ဒေါ်မြင့်မြင့်စိုး၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဒေါ်ခင်ထားမေ၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေး လုပ်ငန်းဌာန ဒုတိယခေါင်းဆောင် ပါမောက္ခ ဒေါ်မြင့်ကြည်၊ ပညာရေး လုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ဒေါ်မင်းသက်မွန်တို့ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

တွေ့ဆုံ

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ အား ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International Cooperation Agency-JICA)မှ အကြံပေးပုဂ္ဂိုလ် Ms. Yumiko Tanaka နှင့် JICA (Myanmar) မှ Ms. Takamatsu Kana တို့ ရန်ကုန်မြို့ သံလွင် လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် ဌေ့ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

တူရကီသမ္မတနိုင်ငံ သမ္မတထံ သံအမတ်ကြီးဦးစိုးမြင့် ခန့်အပ်လွှာပေးအပ်

ရန်ကုန် မတ် ၃၀

တူရကီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးမြင့်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၅ ခုနှစ် မတ် ၁၆ ရက်တွင် အင်ကာရာမြို့၌ တူရကီ သမ္မတနိုင်ငံ သမ္မတ အာမက်၊နက်(ဒ်)ဒက်၊စီဇာထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

နွေရာသီယမိုက်+ပဌာန်း အထူးသင်တန်း

ရန်ကုန် မတ် ၂၉

အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်၌ (၁၄)ကြိမ်မြောက် နွေရာသီယမိုက်+ပဌာန်း အထူးသင်တန်းကို ဧပြီ ၂၄ ရက် (တနင်္ဂနွေနေ့)မှ ဧပြီ ၂၉ ရက် (တနင်္ဂနွေနေ့)အထိ ကျင်းပသွားပါမည်။ အတွင်းသင်တန်းသားများ ဧပြီ ၂၃ ရက်(စနေနေ့) အရောက် ကြွရောက်ပါရန်နှင့် သာသနာဝင် မှတ်တမ်း(သို့)ခိုင်လုံသော ထောက်ခံစာ ယူဆောင်လာရမည်ဖြစ်သည်။

အထူးခက်ခဲလှသည့် အဘိဓမ္မာဆိုင်ရာ ယမိုက်ပဌာန်းကျမ်းဂမ်များကို လေ့လာ သင်ကြားနာယူမည့် တိုင်းနှင့်ပြည်နယ်အသီးသီးမှ စာချစာသင် ရဟန်းသာမဏေ၊ သီလရှင်တို့အား အထက်ဖော်ပြပါ နေ့ရက်များတွင် နံနက်ဆွမ်း၊ နေ့ဆွမ်း၊ အအေးနှင့် သင်တန်းသုံး စာအုပ်များကို မိမိ အင်အားအလျောက် သင်တန်းဖြစ်မြောက်ရေးကော်မတီ ဖုန်း-၆၄၀၀၇၅ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

သင်တန်းခွဲများဖြစ်သော ဗိုလ်ကျောင်း မဟာဓမ္မိကာရာမတိုက် မန္တလေးမြို့၌ ဧပြီ ၂၃ ရက်မှစတင်၍ လည်းကောင်း၊ ရော်ဘာစက်ရုံအနီး စမ်းအေးမြိုင်ကျောင်း သထုံမြို့၌ ဧပြီ ၂၁ ရက်မှစတင်၍ လည်းကောင်း စတင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အမှာစကားပြောကြား

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနတို့က ကြီးမှူးကျင်းပသည့် ရန်ကုန်တိုင်း ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ World Stop TB Day (2005) အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ အမှတ်(၄)စစ်ဒေသမှူး ဗိုလ်မှူးကြီး ရန်နိုင်ဦး၊ တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုး၊ ကျန်းမာရေးဦးစီးဌာန တီဘီရောဂါတိုက်ဖျက်ရေး စီမံချက် မန်နေဂျာ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဝင်းမောင်၊ ရန်ကုန်တိုင်း တီဘီရောဂါအထူးကု ဆရာဝန်ကြီး ဒေါက်တာမျိုးဇော်၊ ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေး ဦးစီးမှူး ဒေါက်တာလှမြင့်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်များမှ တီဘီရောဂါတိုက်ဖျက်ရေး အဖွဲ့ခေါင်းဆောင် ဆရာဝန်များနှင့် မြို့နယ် ကျန်းမာရေးဦးစီးမှူးများ၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် လူမှုရေးအသင်း အဖွဲ့များ၊ အသင်းဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဖွင့်အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန တီဘီရောဂါတိုက်ဖျက်ရေး စီမံချက် မန်နေဂျာ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဝင်းမောင်က တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ရန်ကုန်တိုင်းအတွင်း တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဝင်များက ပါဝင်ရမည့် အခန်းကဏ္ဍများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ရန်ကုန်တိုင်း တီဘီရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာမျိုးဇော်က ရန်ကုန်တိုင်းအတွင်း တီဘီရောဂါဖြစ်ပွားမှုနှင့် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက တီဘီရောဂါ တိုက်ဖျက်ရေး DOTSပညာပေးဓာတ်လမ်းတိုပြသမှုကို ကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

Myanmar ASEAN Women's Friendship Association ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)သို့ အလှူငွေပေးအပ်လှူဒါန်း

ရန်ကုန် မတ် ၂၉

Myanmar ASEAN Women's Friendship Association က ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)သို့ အလှူငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) E ဆောင် ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ Myanmar ASEAN Women's Friendship Association မှ နာယကအဖွဲ့ဝင်များ ဖြစ်ကြသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၏ ဇနီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Mme Phoebe A.Gomezဦးဆောင်သော မြန်မာနိုင်ငံရှိ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၏ ဇနီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)မှ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ Myanmar ASEAN Women's Friendship Association ဥက္ကဋ္ဌ ဒေါ်ခင်နှင်းညွန့်က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ Myanmar ASEAN Women's Friendship Association က အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ ဗဟိုအမျိုးသမီး ဆေးရုံကြီး(ရန်ကုန်) ဆေးရုံအုပ်ကြီး ဒေါက်တာရွှေအိုးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။ **(သတင်းစဉ်)**

ဆောင်ရွက်

ဖေဖော်ဝါရီ ၂၅ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် နှင့် ငပုတောမြို့နယ် စည်ပင် သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးအောင်ဌေးတို့ ငပုတော မြို့နယ် ကျုံကူးစံပြကျေးရွာ ဖွံ့ဖြိုး တိုးတက်မှုများကို ကွင်းဆင်း ကြည့်ရှုပြီး ကျေးရွာ တာဝန်ရှိသူ များနှင့်အတူ လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်း ဆောင်ရွက်ပေးစဉ်။ (သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် မတ်လ ၂၉ ရက်နေ့အထိ နိုင်ငံအဝန်းတွင်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၁၄၅၄၁)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း သင်တန်းများဖွင့်ပွဲတက်ရောက်

ရန်ကုန် မတ် ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် ၈ နာရီတွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသည့် အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၂၂)၊ အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၂၀)နှင့် ပထမအကြိမ်နွေရာသီ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ယဉ်ကျေးမှု သင်တန်းသား သင်တန်းသူကလေးများက (၃၈)ဖြာမင်္ဂလာကဗျာကို ရွတ်ဆိုကြပြီး ဗဟိုအလုပ်အမှုဆောင်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် (နယ်မြေတာဝန်ခံ)အားကစားဝန်ကြီးဌာန ဝန်ကြီးက ယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများအတွက် အလှူငွေကျပ်ငါးသောင်းကို ပေးအပ် လှူဒါန်းရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးမြင့်ခိုင်က လက်ခံယူသည်။

ဆက်လက်၍ စေတနာရှင်များက ငွေကျပ် တစ်သိန်းနှစ်သောင်း တန်ဖိုးရှိ ဆက်တီတစ်စုံနှင့် အလှူငွေကျပ် သုံးသောင်းငါးထောင်ကို ပေးအပ်လှူဒါန်းရာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက လက်ခံယူသည်။

အခြေခံစည်းရုံးရေး သင်တန်းအမှတ်စဉ်(၂၂)တွင် သင်တန်းသား သင်တန်းသူ ၈၀ ၊ အခြေခံကွန်ပျူတာ သင်တန်းအမှတ်စဉ်(၂၀)တွင် သင်တန်းသား သင်တန်းသူ ၅၀နှင့် ပထမအကြိမ် နွေရာသီအမျိုးသား ယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၅၂၅၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗဟန်းမြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၄-၂၀၀၅ပညာသင်နှစ် သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲ အခမ်းအနားကို မတ်၁၉ရက်တွင် အဆိုပါကျောင်း၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကြည်ဝင်းမောင်က စတုတ္ထတန်း(က)မှ မောင်ခွန်ကောင်းဆက်ပိုင်အား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (သတင်းစဉ်)

● ကျောဖုံးမှ

သံအမတ်ကြီးများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် အသင်းများမှ တာဝန်ရှိသူများ၊ ပြပွဲတွင် ပါဝင်ပြသကြသည့် ပြခန်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ပြပွဲကိုဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအပြီးတွင် Myanmar National ICT Award ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက် ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ဆုများချီးမြှင့်သည်။

အဆိုပါ ပြပွဲကို မတ် ၃၁ ရက်အထိ နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း ဖွင့်လှစ်ပြသသွားမည်ဖြစ်ရာ ICT နည်းပညာများနှင့် ခေတ်မီပစ္စည်းကိရိယာများကို မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုလေ့လာနိုင်သည်။ **(သတင်းစဉ်)**

ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ဒုတိယအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

✻ ကျောဖုံးမှ

ရှင်းလင်းပြသ

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်ရှိ ကျောက်မျက်ရတနာ အရောင်းဆိုင်များနှင့် ကျောက်ကပ် ပန်းချီအရောင်းဆိုင်များကို လည်းကောင်း၊ ခန်းမဝန်းကျင်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအရည်ကျောက်၊ အထည်ကျောက်နှင့်အသားကျောက်အရိုင်းတုံးများကို လည်းကောင်း၊ ခန်းမအပေါ်ထပ်၌ ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာအတွဲများနှင့် ပုလဲရတနာအတွဲများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ (၄၂) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဝင်များက လိုက်လံရှင်းလင်းပြသကြသည်။

အမှာစကားပြောကြား

ယင်းနောက် ၂၀၀၅ခုနှစ် (၄၂) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို ညနေ ၅ နာရီ၁၅ မိနစ်တွင် မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပရာ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

တင်ပြဆွေးနွေး

အစည်းအဝေးတွင် ဗဟိုကော်မတီဝင်များနှင့် ဆပ်ကော်မတီများ ဖြစ်ကြသော ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ စီမံရေးရာ၊ လုံခြုံရေးနှင့် ပြန်ကြားရေး ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက ၂၀၀၅ ခုနှစ် (၄၂) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသရေးနှင့် စပ်လျဉ်း၍သက်ဆိုင်ရာကဏ္ဍအသီးသီးက စီမံဆောင်ရွက်ထားမှု အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ၂၀၀၅ခုနှစ် (၄၂) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။**(သတင်းစဉ်)**

နိုင်ငံတကာအိုင်စီတီနည်းပညာပြပွဲသို့ ယာဉ်လိုင်းများ ပြေးဆွဲပေးမည်

ရန်ကုန် မတ် ၂၉

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်(MCF)၏ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း(MCIA)၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း(MCPA) တို့ပူးပေါင်းကျင်းပသည့် ဆဋ္ဌမအကြိမ် နိုင်ငံတကာအိုင်စီတီနည်းပညာပြပွဲကို မတ် ၂၉ ရက်မှ ၃၁ ရက်အထိ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC) ၌ ပြည်တွင်းကုမ္ပဏီ ၁၄၆ခုနှင့် ပြည်ပကုမ္ပဏီ ခြောက်ခုတို့မှ ပြခန်းပေါင်း ၁၅၂ခန်းဖြင့် ခင်းကျင်းပြသလျက်ရှိသည်။

ပြပွဲလာပရိသတ်များ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် မထသ(၅၁)ယာဉ်လိုင်း၊သန်မြန်သူ (၇၉)၊ (၈၀)ယာဉ်လိုင်းနှင့် အနောက်ပိုင်းခရိုင် မထသ (၁၀၂)၊ (၁၀၃)၊ (၁၆၈)ယာဉ်လိုင်းများကို ပြပွဲကာလအတွင်း နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅နာရီအထိ သမိုင်းလမ်းဆုံမှ မင်းဓမ္မလမ်း၊ ရှစ်မိုင်လမ်းဆုံမှ မင်းဓမ္မလမ်းသို့ ပုံမှန်လမ်းကြောင်း မပျက်စေဘဲ ဝင်ရောက်ပြေးဆွဲပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ထား

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

အာစရိယပူဇော်မည်

ရန်ကုန် မတ် ၂၉

အထက(၂) လမ်းမတော် ကျောင်းသား၊ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၃ရက်(တနင်္ဂနွေနေ့) နံနက်၁၀နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အာစရိယပူဇော်ပွဲသို့ နှစ်စဉ်အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို အထက(၂) လမ်းမတော် ဖုန်း-၂၂၂၂၅၇သို့ လှူဒါန်းရန်ဖြစ်ပြီး အသေးစိတ်သိလိုပါက ဆရာမဒေါ်စောအေးဝင်း(ငြိမ်း)ဖုန်း-၂၄၃၁၃၉၊ ဦးဇော်မြင့် ဖုန်း-၂၉၁၆၅၆၊ ၀၉-၅၀၀-၆၀၅၅နှင့် ဦးမောင်စိန် ဖုန်း ၀၉-၈၀၃၀၇၆၆တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မကွေးခရိုင် မြို့သစ်မြို့နယ် အင်းရွာကြီးကျေးရွာ နတ်မောက်ဆည်ရေသောက်နွေစပါးစိုက်ကွင်းတွင် မတ် ၁၄ရက်က စုပေါင်းကောက်စိုက်ပွဲတော် ကျင်းပစဉ်။

(စိုက်ပျိုးရေး)

● ရှေ့ဖုံးမှ

အဆိုပါ အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည် လှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်း

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီ အသီးသီးမှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့်ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊အတတ်ပညာရှင် ကိုယ်စား တိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာ မေဝင်းအောင်ခင်က အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေး အကြံပြုချက် စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့်ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့ ၁၇ဖွဲ့ အပါအဝင် အခြားအဖွဲ့များမှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံစုံညီအစည်းအဝေး မစတင်မီ နံနက် ၇ နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသား

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာခင်ဇော်က အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာလှသန်းက အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

ညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီ အသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့ တက်ရောက်ကြောင်းမှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

သဘာပတိ

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးဘိုသိန်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင် ဦးမျိုးသန့်(မောင်ဆုရှင်)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစောဖီးလစ်(ခေါ်) ဦးဖီးလစ်ဆမ်၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးလော်ဆင်ကွမ်း၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်ဒင်(ခေါ်) ဦးထေးရယ်၊ တောင်သူ လယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကြည်တင့်၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာသိန်းညွန့်(ညွန့်ဝေ-ကသာ)၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာမြတ်မြတ်အုန်းခင်နှင့် အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဒေါက်တာ မနန်တူးဂျာတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

စတင်ကျင်းပ

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၁ ဦးရှိပြီး ၁၀၇၀တို့ တက်ရောက်လာကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ဒသမ၉၈ရာခိုင်နှုန်းရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံစုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ဖတ်ကြားတင်ပြ

ထို့နောက် စုံညီအစည်းအဝေးအစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက်ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မှုများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြရာတွင် ရှေးဦးစွာ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့မှဒေါက်တာမေဝင်းအောင်ခင်နှင့် ဒေါက်တာခင်ဇော်တို့က ဖတ်ကြားတင်ပြကြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက်၁၁နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာ၌ ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မှုများနှင့် စပ်လျဉ်း၍ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာလှသန်းက ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက်၁၁နာရီ ၄၅မိနစ်တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို မတ်၃၀ရက် နံနက်၉နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး)ဦးသန်းအောင်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်ကြည်တို့ ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ် စောထွန်း ပေါက်တံတားလုပ်ငန်းခွင်စစ်ဆေး

ရန်ကုန် မတ် ၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၂၅ရက်နံနက်ပိုင်းတွင် မင်းတပ်မြို့မှ ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ် လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး မင်းတပ်-ကျောက်ထု လမ်းအပိုင်း လမ်းလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

မိုးမကျမီ

ထို့နောက် အမှတ်(၁)ပေါက်တံတား(အုန်းတော)စီမံကိန်းလုပ်ငန်းခွင်ရုံးသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ခံအင်ဂျင်နီယာမှူး ဦးသီလက တံတားလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက တံတားတိုင်အောက်ခြေလုပ်ငန်းများကို မိုးမကျမီအပြီးဆောင်ရွက်ရန်မှာကြား၍ တံတားတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အုန်းတော-ယာကြီးပြင်-ဘုရားထောင်လမ်းသစ်အတိုင်း ဆက်လက်ထွက်ခွာ၍ ပုသိမ်-မုံရွာ လမ်းအကြောင်းပေါ်ရှိ အမှတ်(၂) ပေါက်တောတံတား(ရေပြာ) လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံ တံတားအထူးအဖွဲ့(၁၃)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးမြင့်က တံတားလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးကလိုအပ်သည်များကို မှာကြားပြီး ပိုင်ရိုက်စက်ဖြင့်လုပ်ငန်းဆောင်ရွက်နေမှုနှင့် ချဉ်းကပ်လမ်း လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

❒ **ကျောဖုံးမှ**

တရားဝင်အပ်နှံခြင်းသည်သာ အမှန်အကန်ဆုံး ဆောင်ရွက်နည်းဖြစ်ကြောင်း၊ ၂၈-၁၂-၂၀၀၄ရက်နေ့ သတင်းစာရှင်းလင်းပွဲ၌လည်း ထပ်မံ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်မှ လိုင်စင်မဲ့မော်တော်ယာဉ်များကို ၂၀၀၅ခုနှစ် မတ်၃၁ရက်နေ့ နောက်ဆုံးထား၍ နီးစပ်ရာရဲစခန်းများသို့ ဆက်သွယ်အပ်နှံကြရန်လိုအပ်ကြောင်း ရှင်းလင်းခဲ့သည်။

ပြစ်ဒဏ်ချမှတ်ခံရမည်

အဆိုပါတရားမဝင် လိုင်စင်မဲ့မော်တော်ယာဉ်များအပ်နှံရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့်အဆင့်ဆင့်သော အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ သာသနာရေးဦးစီးဌာန အပါအဝင် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပေါင်းစပ်စုဖွဲ့၍ အသိပညာပေးခြင်းအပိုင်းနှင့်ရှာဖွေစစ်ဆေးရေးအပိုင်း၊ အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၇-၃-၂၀၀၅ရက်အထိ တစ်နိုင်ငံလုံးတွင် လိုင်စင်မဲ့မော်တော်ယာဉ်၄၇၈၁စီး သိမ်းဆည်းအပ်နှံရရှိခဲ့ကြောင်း၊ ထိုအထဲတွင် မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် ဥပဒေကိုလေးစားလိုက်နာပြီး လာရောက်အပ်နှံသည့် မော်တော်ယာဉ် ၃၃၉၆စီးရှိကြောင်း၊ လမ်းပေါ်တွင် မောင်းနှင်သွားလာနေရင်း စစ်ဆေးရေးအဖွဲ့က တွေ့ရှိသိမ်းဆည်းရမိသော မော်တော်ယာဉ် ၁၃၈၅စီး၊ သံဃာတော်များက ကိုယ်တိုင်လာရောက်အပ်နှံထားသော ယာဉ်၁၅၁စီးရှိခဲ့ကြောင်း၊ တရားမဝင်လိုင်စင်မဲ့ယာဉ်များကို ၃၁-၃-၂၀၀၅ရက် နောက်ဆုံးထားအပ်နှံရမည်ဖြစ်ပြီး ယင်းရက်နေ့နောက်ပိုင်းတွင် လက်ဝယ်၌ရှိနေသော လိုင်စင်မဲ့ယာဉ်များနှင့်ပတ်သက်၍ စစ်ဆေးတွေ့ရှိပါက ယာဉ်များကို နိုင်ငံတော်ပိုင်သိမ်းပြီး ယာဉ်ပိုင်ရှင်ကို ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့၊ သာသနာရေးဆိုင်ရာ အဖွဲ့အစည်းများသို့ လှူဒါန်းထားပါကလည်း လှူဒါန်းသူနှင့်ယာဉ်ပိုင်ရှင်ကို စိစစ်အရေးယူသွားမည်ဖြစ်ကြောင်း၊ တရားမဝင်လိုင်စင်မဲ့ မော်တော်ယာဉ်ကို စွန့်ပစ်ခြင်း၊ အပိုင်းလိုက်ဖြုတ်ရောင်းချခြင်း၊ ဖျောက်ဖျက်ထားခြင်းများတွေ့ရှိပါက ပြုလုပ်သော ယာဉ်ပိုင်ရှင်ကို ဥပဒေအရအရေးယူသွားမည်ဖြစ်ကြောင်း၊ ကားဘော်ဒီရုံ၊ ကားဝပ်ရှော့၊ ကားအပိုပစ္စည်းရောင်းဝယ်သည့်ဆိုင်၊ မော်တော်ကားထုတ်လုပ်သည့် စက်မှုဇုန်များကိုလည်း သိရှိအောင်ကြိုတင်အကြောင်းကြားထားရှိကြောင်း၊ ယာဉ်ပိုင်ရှင်များအနေဖြင့် ယာဉ်ကို ဖျက်ဆီးဖျောက်ဖျက်ရောင်းချခဲ့သည်ကို နောက်ကြောင်းပြန်ပေါ်ပေါက်လာလျှင် ယာဉ်ပိုင်ရှင်နှင့် အားပေးကူညီသူများကို တရားဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၌ရှိသော တရားမဝင်လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် ပတ်သက်၍ အဖွဲ့အစည်းမှ တာဝန်ရှိသူများကို ထပ်မံအသိပေးပြောကြားထားပြီးဖြစ်ကြောင်း၊ သတ်မှတ်သည့်ရက်အတွင်း လာရောက်အပ်နှံခြင်းမရှိသည့် တရားမဝင်လိုင်စင်မဲ့မော်တော်ယာဉ်များကို လမ်းပေါ်၌ စစ်ဆေးသည့်အဖွဲ့က တွေ့ရှိလျှင်ဖြစ်စေ၊ နေအိမ်၊ ခြံဝင်းအတွင်း၌ သိမ်းဆည်းထားလျှင်ဖြစ်စေ၊ အများပြည်သူက သတင်းပေး၍ ဝင်ရောက်ရှာဖွေတွေ့ရှိခဲ့လျှင် ၁၉၄၇ခုနှစ် သွင်းကုန်/ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ)အက်ဥပဒေပုဒ်မ၅(၁)အရ ထောင်ဒဏ်ခုနစ်နှစ်(သို့မဟုတ်) ငွေဒဏ်လည်းချမှတ်ခြင်းခံရမည့်အပြင် ပစ္စည်းများကို နိုင်ငံပိုင်အဖြစ်သိမ်းယူမည်ဖြစ်ကြောင်း၊ အားပေးကူညီသူဖြစ်လျှင် ပုဒ်မ၅(၃)အရ အလားတူပြစ်ဒဏ်ချမှတ်ခံရမည်ဖြစ်ကြောင်း။ ထို့အပြင် တရားမဝင်လိုင်စင်မဲ့ယာဉ်ကို အခြားယာဉ်နံပါတ်အားအတု တပ်ဆင်ထားရှိအသုံးပြုခဲ့လျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀/၄၆၈အရ ထောင်ဒဏ်ခုနစ်နှစ်မှ (သို့မဟုတ်) ငွေဒဏ်လည်း ချမှတ်ခြင်းခံရမည်ဖြစ်ကြောင်း၊ တစ်စစီဖြုတ်ရောင်းပစ်ခဲ့ခြင်းသည် သက်သေခံပစ္စည်းဖျောက်ဖျက်ရာရောက်သည့်အတွက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ၂၀၁အရ အရေးယူခံရမည်ဖြစ်ရာ အများဆုံးပြစ်ဒဏ်ခုနစ်နှစ်၏ လေးပုံ တစ်ပုံထောင်ဒဏ်ကိုဖြစ်စေ ငွေဒဏ်ကိုဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ပြစ်ဒဏ်ချမှတ်ခံရမည်ဖြစ်ကြောင်း သက်ဆိုင်ရာက သတိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သင်္ကြန်အထူးရထား ပြေးဆွဲပေးမည်

ရန်ကုန် မတ် ၂၉

မြန်မာ့မီးရထားသည် နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်မတိုင်မီနှင့် မဟာသင်္ကြန်ပွဲတော်အပြီးအခါသမယတို့တွင် ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာဖြင့် အဆင်ပြေစွာခရီးသွားလာနိုင်ရေးအတွက် သင်္ကြန်အထူးရထားတစ်စင်းကို မတ် ၂၆ရက်မှ ၃၁ရက်အထိ ရန်ကုန်-မန္တလေး-ရန်ကုန်ရက်ခြားပြေးဆွဲပြီး ဧပြီ ၁ရက်မှ ၁၂ရက်အထိ ရန်ကုန်နှင့် မန္တလေးမှ နေ့စဉ်ပြေးဆွဲပေးမည်ဖြစ်သည်။ ဧပြီ ၁၃ရက်မှ ဧပြီ ၁၆ရက်အထိ ရပ်နားထားပြီး ဧပြီ ၁၇ရက်မှ ဧပြီ ၂၀ရက်အထိ ဆက်လက် ပြေးဆွဲပေးမည်ဖြစ်သည်။

ရန်ကုန်မှ ထွက်သည့်နေ့၌ ည ၇နာရီတွင်ထွက်ပြီး မန္တလေးသို့ နောက် တစ်နေ့နံနက် ၁၀နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။ မန္တလေးမှ ထွက်သည့် နေ့၌ ည ၇နာရီခွဲတွင် ထွက်ပြီး ရန်ကုန်သို့ နောက်တစ်နေ့ နံနက် ၁၁နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။

အဆိုပါသင်္ကြန်အထူးရထားသည် ရန်ကုန်မှ မတ် ၂၆၊၂၈၊၃၀ ရက်နှင့် ဧပြီ ၁ရက်မှ ၁၂ရက် အထိလည်းကောင်း၊ မန္တလေးမှ မတ် ၂၇၊၂၉၊၃၁ရက်နှင့် ဧပြီ ၁ရက်မှ ၁၂ရက် အထိလည်းကောင်း ပြေးဆွဲမည်ဖြစ်သည်။

သင်္ကြန်အထူးရထားတွင် အထက်တန်းထိုင်ခုံ နှစ်တွဲနှင့် ရိုးရိုးတန်းထိုင်ခုံ ၁၀တွဲပါမည် ဖြစ်သည်။

လမ်းခရီးတွင် ပဲခူး၊တောင်ငူ၊ပျဉ်းမနား၊သာစည်ဘူတာများ၌ ရပ်မည်ဖြစ်သည်။ ရထားလက်မှတ်များကို အမှတ်(၅)အဆန်/(၆)အစုန်နှုန်းထားအတိုင်း အထက်တန်းကျပ်၃၀၉၀နှင့် ရိုးရိုးတန်းကျပ်၁၅၅၀ဖြင့် ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တီဘီရောဂါ ကာကွယ်နှိမ်နင်းရေး

(က) **ရောဂါဖြစ်ပွားကူးစက်ပုံ**

- ဤရောဂါသည် တီဘီပိုးကြောင့်ဖြစ်သော ကူးစက်ရောဂါဖြစ်သည်။
- ဝေဒနာရှင်ချောင်းဆိုးခြင်း၊ နှာချေခြင်းသလိပ်တံတွေးမှတစ်ဆင့် ရောဂါပိုးများလေထဲတွင် ပျံ့နှံ့၍ကူးစက်သည်။
- အသက်အရွယ်မရွေးလူတိုင်းတွင် ဖြစ်ပွားနိုင်သည်။
- အဆုတ်တွင်အများဆုံးဖြစ်ပွားပြီး၊ ကိုယ်ခန္ဓာအနှံ့အပြားတွင်လည်း ဖြစ်နိုင်သည်။
- ဆီးချိုရောဂါ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် အာဟာရချို့တဲ့မှုရှိသူများတွင် အဖြစ်များသည်။

(ခ) **ရောဂါလက္ခဏာများ**

- ရက်ရှည်ချောင်းဆိုးခြင်း (ရက်သတ္တပတ်(၃)ပတ်နှင့်အထက်)။
- ချောင်းဆိုးသွေးပါခြင်း။
- သလိပ်တွင်သွေးပါခြင်း၊
- အဖျားတာရှည်ခြင်း၊
- ခံတွင်းပျက်ခြင်း၊ မောပန်းလွယ်ခြင်း။
- ကိုယ်အလေးချိန်လျော့နည်းပြီး ပိန်ချုံးလာခြင်း၊
- ကျောရင်အောင့်ခြင်း။

(ဂ) **ကြိုတင်ကာကွယ်ခြင်း**

- ရင်သွေးငယ်များအား ကာကွယ်ဆေး(ဘီစီဂျီ)ကို မပျက်မကွက်ထိုးပေးပါ။
- အာဟာရပြည့်ဝသော အစားအစာများကို စားသုံးပါ။
- သင့်တင့်လျောက်ပတ်သော ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပါ။
- ချောင်းဆိုး၊ နှာချေလျှင် လက်ကိုင်ပုဝါကို အသုံးပြုပါ။
- သလိပ်နှင့်တံတွေးကို စည်းကမ်းမဲ့ထွေးခြင်းမှရှောင်ကြဉ်ပါ။
- ဆေးလိပ်သောက်ခြင်းမှရှောင်ကြဉ်ပါ။

(ဃ) **ကုသမှုခံယူခြင်း**

- "တိုက်ရိုက်ကြည့်ရှုအချိန်တိုနှင့်ကု" နည်းဖြင့် ရောဂါပျောက်ကင်းသည်အထိ ကုသမှုခံယူပါ။
- ကုသမှုခံယူခြင်းသည် အခြားသူများသို့ ကူးစက်စေခြင်းမှ အကောင်းဆုံးကာကွယ်ခြင်းဖြစ်သည်။

တီဘီရောဂါသံသယရှိလျှင် နီးစပ်ရာကျန်းမာရေးဌာနတွင် စစ်ဆေး၍ တီဘီရောဂါရှိပါက အစွမ်းထက်သော တီဘီဆေးဝါးများဖြင့် အခမဲ့ကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

အငြိမ်းစားတို့ စကားဝိုင်း (၇)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းတို့သည် ၂၄-၂-၂၀၀၅ရက်နေ့တွင် စစ်ကိုင်းတိုင်း မုံရွာမြို့၌လည်းကောင်း၊ ၂၆-၂-၂၀၀၅ရက်နေ့တွင် မန္တလေးတိုင်း မန္တလေးမြို့၌လည်းကောင်း၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ အဖွဲ့ဝင်များကို တွေ့ဆုံအမှာစကားပြောကြားခဲ့ပါသည်။ ၅-၃-၂၀၀၅ရက်နေ့တွင်လည်း နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ပြည်နယ်၊ တိုင်းအုပ်ချုပ်ရေးမှူးများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားခဲ့ပါသည်။

တွေ့ဆုံပွဲ အခမ်းအနားများ၌ ဒေသတာဝန်ခံ အဆင့်ဆင့်နှင့် နိုင်ငံ့ဝန်ထမ်းများဆိုင်ရာတို့နှင့် ပတ်သက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက-

- **ရည်မှန်းချက်များ ပြည့်မီရေးအတွက် တစ်ဌာနနှင့်တစ်ဌာန ထိထိရောက်ရောက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု ရရှိရန်လိုအပ်ကြောင်း၊**
- **ဌာနဆိုင်ရာ ဝန်ထမ်းများက လုပ်ငန်းတာဝန်များကို ရိုးရိုးသားသား မှန်မှန်ကန်ကန် စေတနာရှိရှိ လုပ်ကိုင်ဆောင်ရွက်သည်နှင့်အမျှ ပြည်သူများ၏ ယုံကြည်အားကိုးမှု တိုးတက်ရရှိလာပြီး အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာကာ လုပ်ငန်းများလည်း ပိုမိုတိုးတက် အောင်မြင်လာမှာဖြစ်ကြောင်း၊**
- **ဒေသအတွက်၊ ပြည်သူအတွက်၊ နိုင်ငံတော်အတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ကြရာ၌ မျိုးချစ်စိတ်ဓာတ် အရင်းခံပြီး ရိုးသားမှန်ကန် ကြိုးစားစွာ လုပ်ကိုင်သွားကြရန် ဖြစ်ကြောင်း**

မှာကြားသွားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းကလည်း-

- **နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်အလိုက် မိမိတို့အား အပ်နှံထားသည့် အခွင့်အာဏာများကို အလွဲသုံးစားမလုပ်မိစေဘဲ ဥပဒေနှင့်အညီ ဆောင်ရွက်သွားကြရန်လိုကြောင်း၊**
- **ယနေ့ကာလသည် ခေတ်ပြောင်း၊ စနစ်ပြောင်း အသွင်ကူးပြောင်းနေသော ကာလဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းအားလုံးသည် မှန်ကန်သည့်အတွေးအခေါ်နှင့် လုပ်ငန်းတာဝန်များကို ထက်မြက်သွက်လက်စွာ ပူးပေါင်းလုပ်ဆောင်ကြရမှာ ဖြစ်ကြောင်း၊**
- **အချို့ဝန်ထမ်းများသည် အားကြိုးမာန်တက် အပင်ပန်းခံ အလုပ်လုပ်ကြသော်လည်း အချို့ကမူ ကြိုးနီစနစ်ဖြင့် ရစ်ပတ်နှောင်ဖွဲ့ပြီး လုပ်ငန်းဆောင်ရွက်ရာ၌ ကြန့်ကြာနေမှုများ၊ တာဝန်ကျေရုံ ဆောင်ရွက်နေခြင်းများရှိနေသည်ကို တွေ့ရှိနေရကြောင်း၊**
- **အချို့က ဌာနစွဲစိတ်များ ရှိနေဆဲဖြစ်ကြောင်း၊**
- **အချို့ဝန်ထမ်းများမှာ အဖြစ်မှန်၊ အခြေအနေမှန်ထက် မိမိ၏ လူကြီး အကြိုက် ပုံစံတကျတင်ပြပြီး "မျှော"လိုက်နေသည်များကိုလည်း တွေ့မြင်နေရကြောင်း၊**
- **အဆိုးဆုံးမှာ လုပ်ပိုင်ခွင့်အာဏာနှင့် ယှဉ်တွဲပြီး ဖြစ်ပေါ်လာတတ်သည့် ပုဂ္ဂိုလ်ဆိုင်ရာ အားနည်းချက်များဖြစ်သော ကိုယ်ကျိုးရှာမှုများ၊ မသမာမှုများ၊ အာဏာ အလွဲသုံးစားလုပ်မှုများကို ကျူးလွန်လာသည်အထိ နယ်ကျွံလာသည့်အတွက် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခဲ့ရခြင်းများ ရှိကြောင်း၊**
- **ဝန်ထမ်းများကိုယ်တိုင်က ဥပဒေ၊ စည်းကမ်းများကို နားလည်ရုံသာမက စံနမူနာပြ လေးစားလိုက်နာရန် အထူးလိုအပ်ကြောင်း၊**
- **သာမန်ဝန်ထမ်းစိတ်ဓာတ်ဖြင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေး လုပ်ငန်းများကို ထူးထူးခြားခြား အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်မှာ အလွန်ခဲယဉ်းလှကြောင်း**

စသည်ဖြင့် မှာကြားသွားခဲ့ပါသည်။

ထို့ပြင် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပတ်သက်၍လည်း နိုင်ငံတော် ဝန်ကြီးချုပ်က-

- **ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များဖြစ်သည့် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ထမ်းဆောင်ရသော လုပ်ငန်းများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် နယ်ပယ်စုံနှင့် အကျုံးဝင်နေသဖြင့် အမြင်ကျယ်ရန် လိုအပ်ကြောင်း၊**
- **ထို့ကြောင့် အုပ်ချုပ်ရေးအမြင်သာမက နိုင်ငံရေးအမြင်၊ လုံခြုံရေး အမြင်၊ စီးပွားရေးအမြင်များဖြင့် လုပ်ငန်းများကို သုံးသပ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊**
- **နိုင်ငံတော်အဖွဲ့အစည်းများက မှန်မှန်ကန်ကန်၊ ရိုးရိုးသားသား၊ စည်းကမ်းရှိရှိ အားကြိုးမာန်တက် အလုပ်လုပ်ပြီး ပြည်သူလူထုကလည်း မိမိတို့ ထမ်းဆောင်ရမည့် လုပ်ငန်းများကို ကျေကျေပွန်ပွန် စည်းကမ်းရှိရှိ ထမ်းဆောင်ကြမည်ဖြစ်လျှင် နိုင်ငံတော်ကြီးသည် မလွဲမသွေ တိုးတက် ဖွံ့ဖြိုးလာမှာဖြစ်ကြောင်း**

စသည်ဖြင့် မှာကြားသွားခဲ့သည်။

ထိုကိစ္စရပ်များနှင့် ပတ်သက်၍ ကျွန်တော်တို့ အငြိမ်းစားများ ဆုံမိကြချိန်တွင် စကားဝိုင်းဖွဲ့မိကြပါသည်။

"နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနဲ့ နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းတို့ မှာကြားချက်များ အတိုင်း ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်တို့နဲ့ ဌာနဆိုင်ရာ ဝန်ထမ်းတွေ အသိစိတ်ဓာတ် အပြည့်အဝနဲ့ အမှန်တကယ် လိုက်နာ လုပ်ဆောင်ကြဖို့ လိုမယ်"

"တက်ညီလက်ညီနဲ့ အချင်းချင်း ပူးပေါင်းဆောင်ရွက်ကြမယ်၊ ရိုးသားကြိုးစားပြီး မှန်မှန်ကန်ကန် တက်တက်ကြွကြွနဲ့ စည်းမျဉ်းစည်းကမ်းအတိုင်း စေတနာထားလုပ်ဆောင်ကြမယ်ဆိုလျှင် ပြည်သူအားလုံးကလဲ ပိုမိုလေးစားယုံကြည်အားကိုးလာမှာဖြစ်တဲ့အတွက် နိုင်ငံအတွက်၊ ဒေသအတွက် အကျိုးစီးပွားတွေကို ပိုမိုအောင်မြင်စွာ လုပ်ဆောင်နိုင်ကြမှာမလွဲဘူး"

"လူ့သဘာဝအရ အကောင်းနဲ့အဆိုးဆိုတာ နေရာတိုင်းမှာရှိကြမှာပဲ။ ဆင်းရဲမှုဒဏ်ထက် ချမ်းသာမှုဒဏ်ကိုခံနိုင်ဖို့ ပိုခဲယဉ်းတယ်လို့လဲ ဆိုထားတာရှိ တယ် မဟုတ်လား။ ဈေးကွက်စီးပွားရေးစနစ်မှာ ပုဂ္ဂလိကလုပ်ပိုင်ခွင့်တွေ များလာတော့ သူတို့ကိုယ်ကျိုးစီးပွားအတွက် အာဏာရှိတဲ့လူတွေ၊ လုပ်ပိုင်ခွင့်ရှိတဲ့ လူတွေထံ အပြိုင်အဆိုင် နည်းလမ်းမျိုးစုံနဲ့ ချဉ်းကပ်ကြ၊ အကြိုက်ပေးကြဆိုတော့ ချမ်းသာဒဏ်ကိုမခံနိုင်ဘဲ အချို့ပုဂ္ဂိုလ်တွေလဲ ယိုင်လဲကုန်ကြတာပေါ့"

"ဒီလို အဂတိလိုက်စားမှုတွေဟာ ဒို့နိုင်ငံတစ်ခုထဲမှာတင် ဖြစ်ပွားတဲ့ ပြဿနာ မဟုတ်ဘူး။ ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲဖော်ဆောင်နေတဲ့ နိုင်ငံတိုင်းမှာ ကြုံတွေ့ဖြေရှင်းနေကြတဲ့ ပြဿနာတစ်ခုပဲ။

ဟိန်းမြင့်

"အေးလေ၊ အဂတိလိုက်စားရမှုရဲ့ အကြောင်းရင်းတွေ ဖော်ထုတ်ပြီး ဘယ်လို နည်းလမ်းတွေနဲ့ ထိန်းချုပ်ကာကွယ်ကြမလဲဆိုတာကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာသုံးသပ်ကာကွယ်ထားကြမယ်ဆိုရင် အရေအတွက် နည်းပါးသွားနိုင်သလို အလွန်အကျွံ ကြီးမားတဲ့ အဂတိလိုက်စားမှုကြီးတွေလဲ မရှိသလောက် ဖြစ်သွားနိုင်ပါတယ်။ ဘာမဆို ပြစ်မှုကျူးလွန်ပြီးမှ အရေးယူရတာထက် အစွန်းမရောက်တဲ့ ကြိုတင်ကာကွယ်တားဆီးမှုတွေ လုပ်ထားနိုင်ရင် အားလုံးအတွက် အကျိုးရှိနိုင်ပါတယ်"

"ဘယ်အလုပ်မဆို အစွန်းနှစ်ဖက် လွတ်ဖို့တော့လိုမယ်။ သိပ်ပြီး တင်းကျပ် လွန်းရင် အလုပ်လုပ်ရတာ ခက်ခဲသွားနိုင်တယ်။ လျော့ရဲလွန်းရင်လဲ အဂတိလိုက်စားမှုတွေ များပြားလာမယ်"

"အခု လူကြီးတွေရဲ့ အမှာစကားကို ဆန်းစစ်ကြည့်ရင် အခြေအနေမှန်တွေကို ပွင့်ပွင့်လင်းလင်းနဲ့ ထောက်ပြထားတာ တွေ့ရလို့ နိုင်ငံအတွက် အားရစရာပါပဲ"

"အချို့ဝန်ထမ်းတွေ အားကြိုးမာန်တက် အပင်ပန်းခံအလုပ်လုပ်နေကြပေမယ့် အချို့က ကြိုးနီစနစ်နဲ့ လုပ်ငန်းတွေကြန့်ကြာနေတာ၊ တာဝန်ကျေရုံ ဆောင်ရွက်နေကြတာတွေ ရှိနေတယ်လို့ ထောက်ပြထားတယ်"

အသုံးချပြီး မသမာမှုတွေ၊ အာဏာအလွဲသုံးစားလုပ်မှုတွေ ဖြစ်လာလို့ အရေးယူလိုက်ရတာတွေပဲ။ အဘက်ဘက်က နစ်နာခဲ့ကြရတာမို့ ဒီလို အဖြစ်မျိုး ထပ်မဖြစ်ရအောင်တော့ အဆင့်ဆင့် အာဏာပိုင်တွေ၊ ဌာနဆိုင်ရာ ဝန်ထမ်းတွေ၊ သတိရှိရှိနဲ့ ဆင်ခြင်ကြရမယ်၊ ထိန်းသိမ်းကွပ်ကဲ ကြပ်မတ်ကြရမယ်"

"ခေတ်ကြီးက တိုးတက်လာနေသလို နေထိုင်သုံးစွဲစရာ ရုပ်ဝတ္ထုပစ္စည်းတွေကလဲ အမျိုးမျိုးဆန်းသစ်ပေါ်လာ၊ အပန်းဖြေပျော်ရွှင်စရာ နေရာတွေကလဲ များလာ၊ ပုဂ္ဂလိက စီးပွားရေးသမားတွေကလဲ ချမ်းသာကြွယ်ဝလာကြတော့ တိုက်ကောင်းကောင်းနဲ့နေ၊ ကားအကောင်းစားကိုစီးပြီး အဆင့်မြင့်မြင့် နေထိုင် သုံးစွဲကြတာပေါ့။ ဒါကို နိုင်ငံ့ဝန်ထမ်းအချို့က အားကျခံမင်ဖြစ်လာကြတော့ ကိုယ်ကျင့်သိက္ခာ ထိန်းသိမ်းရာမှာ အားနည်းလာပြီး ကိုယ်ကျိုးရှာလာကြတာ တွေ့ရတယ်"

"ဝင်ငွေနဲ့ထွက်ငွေ ညီမျှအောင် ခြိုးခြံနေထိုင်ကြတဲ့ ဝန်ထမ်းတွေလဲ အများအပြားပဲ ရှိပါတယ်။ ရုံးချိန်ပြင်ပအချိန်တွေမှာ အခြားတရားဝင်လုပ်ငန်းတွေလုပ်ပြီး အပိုဝင်ငွေ ရှာနေကြတဲ့ ဝန်ထမ်းတွေလဲ အများအပြားပဲလေ။ အပိုဝင်ငွေကို သမ္မာအာဇီဝကျတဲ့နည်းနဲ့ ရှာဖွေနေကြတဲ့ ဝန်ထမ်းတွေကို အလွန် လေးစားဂုဏ်ယူစရာကောင်းတဲ့ ဝန်ထမ်းတွေလို့ ဆိုရမှာပဲ"

"အေး-အဲဒီလိုအကျင့်သိက္ခာကို ထိန်းသိမ်းနေထိုင်ကြတဲ့ ဝန်ထမ်းတွေလဲ အများအပြားရှိပါတယ်။ ရောင့်ရဲတင်းတိမ်တဲ့ သဘော၊ ရိုးသားကြိုးစားစွာနဲ့ ဝင်ငွေရှာတဲ့သဘော ဖြစ်တာမို့ အလွန်ချီးကျူးစရာပါပဲ"

"နောင်ဖြစ်ပေါ်လာမယ့် ပါတီစုံဒီမိုကရေစီခေတ်မှာ ဝန်ထမ်းတွေရဲ့ အခန်းကဏ္ဍက ပိုမိုအရေးပါလာမယ်။ ပါတီစုံစနစ်မှာတော့ ဝန်ထမ်းအားလုံး ပါတီနိုင်ငံရေးနဲ့ လုံးဝကင်းရှင်းကြဖို့လိုတယ်။ ဘာလို့လဲဆိုတော့ ရွေးကောက်ပွဲအရ အနိုင်ရလို့ အစိုးရအဖွဲ့တွေ အမျိုးမျိုး ပြောင်းလဲဖြစ်ပေါ်လာနိုင်တာမို့ နိုင်ငံ့ဝန်ထမ်းတွေ ဟိုပါတီဝင်၊ ဒီပါတီဝင်ဖြစ်နေရင် အုပ်ချုပ်ရေးပိုင်း အဆင့်ဆင့်မှာ ပြဿနာမျိုးစုံ ဖြစ်ပေါ်လာနိုင်ပြီး နိုင်ငံနစ်နာနိုင်တယ်လေ"

"ဒါကြောင့် ဘယ်အစိုးရပဲ တက်တက် နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ ဝန်ထမ်းကောင်းပီသစွာ ရိုးသားကြိုးစားပြီး နိုင်ငံတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေကြသူတွေသာ ဖြစ်ကြရမယ်"

"အခုကျင်းပနေတဲ့ အမျိုးသားညီလာခံမှာလဲ အုပ်ချုပ်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းမှာ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ဖို့အတွက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက နိုင်ငံ့ဝန်ထမ်းပိုင်းဆိုင်ရာနဲ့ ပတ်သက်ပြီး အကြံပြုရန် ရှင်းလင်းချပြထားတဲ့ အချက် (၅)ချက်ရှိတယ်။ အဲဒီအချက်တွေက-

(၁) နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်။

(၂) နိုင်ငံ့ဝန်ထမ်းများ ခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ အငြိမ်းစားယူခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်း၊ အမှုထမ်းစည်းကမ်း သတ်မှတ်ခြင်းနှင့် အရေးယူခြင်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

(၃) နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင် အာမခံချက်ရရှိရေး၊ စားဝတ်နေမှု ဖူလုံရေး၊ အိမ်ထောင်ရှင်အမျိုးသမီးဝန်ထမ်းများ မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်ရရှိရေးနှင့် အငြိမ်းစားဝန်ထမ်းများ စားဝတ်နေမှု သက်သာချောင်ချိရေးအတွက် လိုအပ်သည့် ဥပဒေများပြဋ္ဌာန်းရမည်။

(၄) နိုင်ငံ့ဝန်ထမ်းဖြစ်သည့် တပ်မတော်သားများ၏ လုပ်ငန်းသဘာဝသည် ထူးခြားမှုရှိသည့်အလျောက် တပ်မတော်သား နိုင်ငံ့ဝန်ထမ်းများအတွက် တပ်မတော် ဆိုင်ရာ ဥပဒေများနှင့်အညီဆောင်ရွက်ရမည်။

(၅) နိုင်ငံ့ဝန်ထမ်းဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ ထူးခြားသည့် လုပ်ငန်း သဘာဝအရ ယင်းတို့နှင့် ပတ်သက်၍ သီးခြားဥပဒေပြဋ္ဌာန်း ဆောင်ရွက်ရမည် ... လို့ပါတယ်"

"ဝန်ထမ်းအားလုံးအတွက် စည်းကမ်းတကျဖြစ်စေရန်၊ စားဝတ်နေမှု ဖူလုံရေးနဲ့ လုပ်ငန်းခွင် အာမခံချက်ရရှိရန်၊ အငြိမ်းစားဝန်ထမ်းများ

တစ်ဖက်ကလဲ စားဝတ်နေမှု ဖူလုံအောင် လုပ်ပေးပြီး တစ်ဖက်ကလဲ စည်းကမ်း စနစ်တကျရှိအောင်၊ တာဝန်ကျေပွန်အောင်၊ ကြိုးနီစနစ် မရှိအောင်၊ အဂတိလိုက်စားမှုမရှိအောင် ကြပ်မတ်ထိန်းသိမ်းပေးမှာမို့ ဝန်ထမ်းလောကကြီး တစ်ခုလုံး အဆင်ပြေချောမွေ့ပြီး ပြည်သူ လူထုက အားကိုးကြရမယ့် မှန်ကန်ရိုးသားကြိုးစားတဲ့ ဝန်ထမ်းတွေဖြစ်လာကြမှာ မလွဲဘူး။

"ဒါ့ထက်ဆိုးတာက အချို့ဝန်ထမ်းတွေက အဖြစ်မှန်၊ အခြေအနေမှန်ထက် မိမိရဲ့လူကြီးအကြိုက် တင်ပြပြီး 'မျှော'လိုက်နေတာတွေပဲဟ"

"ဒီလိုလိမ်ညာတင်ပြခဲ့ကြတဲ့ ဝန်ထမ်းတွေ၊ အဆင့်ဆင့်အာဏာပိုင်တွေကြောင့် နိုင်ငံနစ်နာခဲ့ရပြီ မဟုတ်လား။ တစ်ချိန်က ကိန်းဂဏန်းတွေ၊ စာရင်းဇယားတွေ လိမ်ပြီးတင်ပြခဲ့ကြတာ၊ ဒီအလိမ်အညာ စာရင်းဇယားတွေပေါ် မူတည်ပြီး၊ တွက်ချက်ပြီး စီမံကိန်းတွေ လုပ်ခဲ့ကြရတာ ဘယ်မှာအောင်မြင် နိုင်တော့မလဲ။ နောက်ဆုံးအထွေထွေ မကျေနပ်မှုတွေကြောင့် ယခင် အစိုးရတွေ အခက်ကြုံခဲ့ကြရတာပဲ မဟုတ်လား"

"အရှိကို အရှိအတိုင်း မတင်ပြဘဲ လူကြီးအကြိုက်တွေ့အောင်၊ ကိုယ်အမှတ်ရအောင် လိမ်ညာတင်ပြသူတွေကို ပြင်းပြင်းထန်ထန် အရေးယူသင့်တယ်"

"အလုပ်လုပ်တဲ့ လူတိုင်းမှာ အနည်းနဲ့အများဆိုသလို အမှားပါကြမှာပါ။ ခွင့်လွှတ်သင့်တဲ့ စေတနာအမှားကို ခွင့်လွှတ်ကြရမှာဖြစ်သလို၊ အလုပ်ကိုလဲ မကြိုးစား၊ ဝတ်ကျေတန်းကျေအဖြစ် သဘောမျိုးလုပ်၊ အမှတ်ကျတော့ အပြည့်လိုချင်ပြီး အခြေအနေမှန် အဖြစ်အပျက်မှန် အမှန်တွေကို ဖုံးကွယ် တင်ပြသူတွေကိုတော့ ခွင့်မလွှတ်သင့်ဘူး"

"အဲလိုလဲ လူမျိုးတွေဟာ အတွင်းလိုက်စားနေတဲ့ သဘောဆောင်နေတာမို့ နိုင်ငံအတွက် အဓိက ဆူးငြောင့်ခလုတ်ပဲ"

"အဆိုးဆုံးကတော့ လုပ်ပိုင်ခွင့်အာဏာကို ကိုယ်ကျိုးအတွက်

စားဝတ်နေမှု သက်သာချောင်ချိရန်တို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ဖို့ အမျိုးသားညီလာခံမှာ ဆွေးနွေးညှိနှိုင်းနေကြတာတွေ့ရလို့ အားရစရာပဲ"

"တစ်ဖက်ကလဲ စားဝတ်နေမှု ဖူလုံအောင် လုပ်ပေးပြီး တစ်ဖက်ကလဲ စည်းကမ်းစနစ်တကျရှိအောင်၊ တာဝန်ကျေပွန်အောင်၊ ကြိုးနီစနစ် မရှိအောင်၊ အဂတိလိုက်စားမှုမရှိအောင် ကြပ်မတ်ထိန်းသိမ်းပေးမှာမို့ ဝန်ထမ်း လောကကြီးတစ်ခုလုံး အဆင်ပြေချောမွေ့ပြီး ပြည်သူလူထုက အားကိုး ကြရမယ့် မှန်ကန်ရိုးသားကြိုးစားတဲ့ ဝန်ထမ်းတွေဖြစ်လာကြမှာ မလွဲဘူး"

"လူကောင်း လူတော်တွေ ဖြစ်လာမှ၊ လူကောင်းလူတော်တွေ များပြားလာမှ ဒို့နိုင်ငံ ပိုမိုတိုးတက်လာမှာပဲလေ"၊ "လူတော်ပြီး မကောင်းရင် မြွေပွေးခါးပိုက် ပိုက်ထားရသလို ဖြစ်နေမှာပဲ၊ လူကောင်းပြီး မတော်ရင်လဲ ထက်မြက်သွက်လက်တဲ့ ဝန်ထမ်းကောင်းတွေ၊ နိုင်ငံက အားကိုး ယုံကြည်ရမယ့် ဝန်ထမ်းကောင်းတွေ ဖြစ်မလာနိုင်ဘူးဆိုတာကိုလဲ သတိပြုရမယ်"

"ဒါကြောင့် လူတော်ကို လူကောင်းဖြစ်အောင် အနီးကပ်ကြပ်မတ်ကွပ်ကဲ ပြုပြင်သွားရမှာဖြစ်သလို လူကောင်းကိုလဲ လူတော်ဖြစ်လာအောင် လေ့ကျင့် သင်ကြား တွန်းအားပေးကြဖို့ လိုမယ်"

"အဓိက အကျဆုံးကတော့ ဌာနဆိုင်ရာအကြီးအကဲတွေပဲ၊ ဌာနဆိုင်ရာ အကြီးအကဲတွေဟာ လုပ်ငန်းစွမ်းရည်ရှိရမယ်၊ အုပ်ချုပ်ရေးစွမ်းရည်ရှိရမယ်၊

စာမျက်နှာ ၁၁ ကော်လံ ၁သို့

ခုခံအားကျဆင်းမှု ကူးစက်ရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေး ကမ္ဘာ့ရန်ပုံငွေအထောက်အပံ့ဖြင့်ဆောင်ရွက်ရာ၌ ပူးပေါင်းသူများ ပိုမိုများပြားလာ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပိုမိုကောင်းမွန်သောအကျိုးကျေးဇူးများရရှိမည်

ရန်ကုန် မတ် ၂၉

ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်ကျင်းပသည့် Country Coordinating Mechanism Meeting for Global Fund to fight against AIDS/TB/Malaria အစည်းအဝေးကို ယနေ့မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်)အစည်းအဝေးခန်းမ၌ ကျင်းပရာ Country Coordinating Mechanism (CCM) အဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ နိုင်ငံတကာလူမှုရေးအဖွဲ့ အစည်းများနှင့် မြန်မာနိုင်ငံ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ CCM အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အကျိုးကျေးဇူးရရှိ

ရှေးဦးစွာ CCM အဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ခုခံအားကျဆင်းမှုကူးစက်ရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါသုံးမျိုး၏ အဆိုပြုချက် ရန်ပုံငွေများကို Global Fund Board မှ လက်ခံပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းအဆိုပြုချက် လုပ်ငန်းများ၌ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ခဲ့ကြသော CCM အဖွဲ့ဝင်များအား ကျေးဇူးတင်ရှိကြောင်း၊ CCM သည် ကဏ္ဍပေါင်းစုံ ပူးပေါင်းပါဝင် ဆောင်ရွက်မှုသက်သက်မဟုတ်ဘဲ အဆိုပါ ပူးပေါင်းဆောင်ရွက်မှုများ အစဉ်ခိုင်မြဲစေရန်နှင့် လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်နိုင်သည့် သတင်းအချက်အလက်များရရှိရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်နေသည့် အဖွဲ့တစ်ခုဖြစ်ကြောင်း၊ ထို့အပြင် CCM အဖွဲ့သည် ထောက်ပံ့ပေးအပ် ရန်ပုံငွေများကို စနစ်တကျသုံးစွဲရာတွင် အဓိကလမ်းညွှန်မှုပေးနိုင်သော အဖွဲ့လည်းဖြစ်ကြောင်း၊ ကမ္ဘာ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ အရှိန် အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက် ရယူဆောင်ရွက်သည့်အဖွဲ့လည်း ဖြစ်ကြောင်း၊ ကမ္ဘာ့ရန်ပုံငွေ အထောက်အပံ့ဖြင့် ဆောင်ရွက်ရာတွင် ခုခံအားကျဆင်းမှု ကူးစက်မှုရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးနှင့် ကုသရေးလုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်မည့်သူများ ပိုမိုများပြားလာသည့်အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပိုမိုကောင်းမွန်သော ရလဒ်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Charles Petrieက Global Fund နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး) ဒေါက်တာကျော်ညွန့်စိန်က Country Coordinating Mechanism (CCM)နှင့် ပတ်သက်၍ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေး စီမံချက်မန်နေဂျာကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး (ခုခံကျ) ဒေါက်တာဒေါ်ခင်ဥမ္မာစံက HIV/ AIDS တိုက်ဖျက်ရေး စီမံချက်အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် တီဘီရောဂါ တိုက်ဖျက်ရေးစီမံချက်မန်နေဂျာ ဒေါက်တာဝင်းမောင်က တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်မန်နေဂျာ ဒေါက်တာစောလွင်က ရန်ပုံငွေရရှိရေးနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသည့် ပုဂ္ဂိုလ်များက ဝိုင်းဝန်းဆွေးနွေးကြပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က နိဂုံးချုပ်အမှာစကား ပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့တော်ဝန်ဖလားတင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၉

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ပံ့ပိုးကူညီမှုဖြင့်ကျင်းပမည့် မြို့တော်ဝန်ဖလား အသင်းလိုက်နှင့် သက်တန်းအလိုက် တင်းနစ်ပြိုင်ပွဲကို ဧပြီ ၃ ရက်မှ ၉ရက်အထိ သိမ်ဖြူတင်းနစ်အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

နယ်မှ လာရောက်ယှဉ်ပြိုင်မည့် အသင်းများအား မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က တည်းခိုရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

ပါဝင် ယှဉ်ပြိုင်လိုသူများသည် ဧပြီ ၁ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဖုန်း–၃၇၂၃၆၀၊ ၃၈၁၉၉၁၊ Fax No. ၃၈၁၉၉၂ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လှိုင်သာယာမြို့နယ်၌ စုပေါင်းဆောင်ရွက်

ရန်ကုန် မတ် ၂၉

ကျန်းမာရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေး လူထုလှုပ်ရှားမှု စုပေါင်းဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဝင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်အားပေးသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို လှိုင်သာယာမြို့နယ် စက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပရာ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့က အမှာစကားပြောကြားကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ လှိုင်သာယာမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလဲ့လဲ့မူသိဏ်းနှင့် ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်တို့က ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များနှင့် လှိုင်သာယာမြို့နယ်တို့၌ ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ် တားဆီးရေးနှင့် ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်း တင်ပြကြသည်။

ထို့နောက် မြို့တော်ဝန်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် လှိုင်သာယာမြို့နယ် အမှတ်(၇)ရပ်ကွက် အောင်မင်းခေါင်လမ်း၌ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် စည်ပင်သာယာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက် ပြည်သူများ စုပေါင်း၍ ဝမ်းပျက် ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ် နှိမ်နင်းရေးလုပ်ငန်းများဖြစ်သည့် ရေနုတ်မြောင်းများ ရှင်းလင်းခြင်း၊ ထုံးဖြူးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ သောက်သုံးရေ ရေတုံကင်များ စနစ်တကျပြုလုပ်ခြင်းနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များက ယင်းလုံအိမ်သာများ ဆောက်လုပ်ပေးခြင်း ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး လှိုင်သာယာမြို့နယ် အမှတ်(၇) ရပ်ကွက် အောင်မင်းခေါင်လမ်းတွင် သောက်သုံးရေ ကောင်းမွန်စွာရရှိရေးအတွက် ရေတုံကင်စနစ်တကျပြုလုပ်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(မြို့တော်စည်ပင်)

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

စည်းရုံးရေးစွမ်းရည် ရှိရမယ်၊ ရိုးသားကြိုးစားပြီး စံနမူနာပြနေထိုင်နိုင်သူတွေ ဖြစ်ရမယ်၊ ကွပ်ကဲကြပ်မတ် အုပ်ချုပ်စီမံနိုင်စွမ်းရှိသူတွေ ဖြစ်ရမယ်”

“မှန်တယ်လေ၊ ချမှတ်ပေးထားတဲ့ ရည်မှန်းချက်တာဝန်တွေကို အဓိက အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ဦးဆောင်ကွပ်ကဲသူတွေက အရည်အချင်းရှိဖို့ အထူးလိုအပ်တာပေါ့”

“နောက်တစ်ချက်က ဒို့နိုင်ငံမှာ ဘယ်နယ်ပယ်မှာပဲဖြစ်ဖြစ် လူပုဂ္ဂိုလ်ရေး ဦးစားပေးဆောင်ရွက်နေမှုတွေမရှိအောင် မူဝါဒနဲ့အညီ စည်းစနစ်တကျနဲ့သာ လုပ်ကိုင်ဆောင်ရွက်အကောင်အထည် ဖော်သင့်တယ်လို့ ထင်တယ်”

“ဒါမှလဲ တကယ့် အရည်အချင်းရှိတဲ့ ဝန်ထမ်းတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ ပိုမိုများပြားလာမှာပဲ”

“နိုင်ငံတိုင်းမှာ မူဝါဒချမှတ်ပေးတဲ့ အပိုင်းနဲ့ အဲဒီမူဝါဒကို ဥပဒေနဲ့အညီ အကောင်အထည်ဖော်ပေးရတဲ့ အပိုင်းဆိုပြီး နှစ်ပိုင်းရှိတယ်။ အစိုးရတွေက မူဝါဒချပေးတယ်၊ နိုင်ငံ့ဝန်ထမ်းတွေက အကောင်အထည်ဖော်ကြရတယ် လေ”

“ဒါကြောင့် ဘယ်လိုပဲ အစိုးရတွေပြောင်းလဲ အုပ်ချုပ်နေစေကာမူ ဝန်ထမ်းများက နိုင်ငံတော်ရဲ့ အဆင့်ဆင့်သော ယန္တရားများကို စဉ်ဆက်မပြတ် လည်ပတ်နေအောင် ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်မှသာ နိုင်ငံတော်မှာ တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေးရှိပြီး ပြည်သူတွေရဲ့ ဘဝဟာ အမြဲတစေ ရှင်သန်တိုးတက်လုံခြုံနေမှာဖြစ်တယ်”

“ပါတီစုံဒီမိုကရေစီခေတ်မှာ ဝန်ထမ်းအပိုင်းကဏ္ဍက ပိုမိုအရေးပါတယ် လို့ ဆိုရမှာပေါ့”

“အေး– အဲဒါကြောင့် အထူးစည်းကမ်းကောင်းမွန်ပြီး ဥပဒေပါပြဋ္ဌာန်း ချက်များအတိုင်း တာဝန်ထမ်းဆောင်နိုင်စွမ်းရှိတဲ့၊ အရည်အချင်းပြည့်ဝတဲ့ နိုင်ငံ့ဝန်ထမ်းမျိုးဖြစ်ဖို့ လိုအပ်နေပြီလေ”

“ဒါကြောင့် အကြီးအကဲတွေက ဝန်ထမ်းများကို တွေ့ဆုံလမ်းညွှန်မှာကြားနေတာဖြစ်လို့ တစ်နိုင်ငံလုံးက ဝန်ထမ်းတွေအနေနဲ့ အလေးထားလိုက်နာ လုပ်ဆောင်ကြဖို့လိုမယ်”

ထိုသို့စကားဝိုင်းဖွဲ့၍ ပြီးဆုံးချိန်၌ ကျွန်တော့်ဘဝတွင် ဖြတ်သန်းလာခဲ့ရသည့် ဖဆပလခေတ် နယ်ဘက်ဝန်ထမ်းဘဝ၊ လမ်းစဉ်ပါတီခေတ် စစ်ဘက်ဝန်ထမ်း ဘဝ၊ ယနေ့တပ်မတော်အစိုးရ လက်ထက် စစ်ဘက်ဝန်ထမ်းဘဝ၊ သံတမန်ဝန်ထမ်းဘဝနှင့် နယ်ဘက်ဝန်ထမ်းဘဝနှင့် တွေ့ကြုံခဲ့ရသော အတွေ့အကြုံ အဖြစ်အပျက်များကို ပြန်လည်၍ စိတ်ကူးတွင် မြင်ယောင်လာခဲ့ပါသည်။

ယနေ့ အမျိုးသားညီလာခံတွင် အုပ်ချုပ်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း၌ နိုင်ငံ့ ဝန်ထမ်းများဆိုင်ရာနှင့် ပတ်သက်၍ အသေးစိတ်အခြေခံမူများ ချမှတ်နိုင်ရန် ဆွေးနွေးညှိနှိုင်းနေကြသည်ကို မြင်တွေ့နေရပေသည်။ နိုင်ငံ့ဝန်ထမ်းများသည် အရည်အချင်းရှိသော အလုပ်တာဝန်ဝတ္တရားများ ကျေပွန်သော၊ ရိုးသားဖြောင့်မတ်သော၊ လုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သွက်လက်ထက်မြက်စွာ အကောင်အထည်ဖော်နိုင်စွမ်းရှိသော နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် နိုင်ငံ့အကျိုးကို စွမ်းစွမ်းတမံ ပိုမိုသယ်ပိုးထမ်းဆောင်နေကြရမည် ဖြစ်ပေသည်။ ။

ဆူနာမီရေလှိုင်းဖြစ်ပေါ်မှုမရှိကြောင်းထုတ်ပြန်ကြေညာ

ရန်ကုန် မတ် ၂၉

၂၀၀၅ ခုနှစ် မတ်၂၈ရက် မြန်မာစံတော်ချိန် ၂၂ နာရီ ၄၅ မိနစ် ဝ၆ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ တောင်ဘက်မိုင် ၉၀၀ ခန့်တွင် ရစ်ချ်တာစကေး ၈ဒသမ၇ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်ကြီး လှုပ်ရှားခဲ့ပါသည်။

အသိပေးကြေညာ

သို့ရာတွင် ငလျင်ကြီးအရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်သို့ ဆူနာမီရေလှိုင်းတက်ရောက်နိုင်သည့် အခြေအနေများ မတွေ့ရှိရပါသဖြင့် စိုးရိမ်ဖွယ်ရာ မရှိတော့ကြောင်းဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။ **(သတင်းစဉ်)**

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အစိုးရနည်းပညာကောလိပ်(ကလေး)တည်ဆောက်ရေးလုပ်ငန်းစစ်ဆေး မဏိပူရရေလှောင်တမံ ဘက်စုံစီမံကိန်းကြည့်ရှု၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်မှာကြား

ရန်ကုန် မတ် ၂၉

စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကလေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မိုးမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၂၁ရက် နံနက် ၇နာရီက ကလေးမြို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဌာနဆိုင်ရာများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

အစိုးရနည်းပညာကောလိပ်(ကလေး)

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကလေး-ဂန့်ဂေါကားလမ်း အတိုင်း ထွက်ခွာလာကြပြီးနံနက် ၇နာရီ မိနစ်၂၀တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာန အစိုးရနည်းပညာကောလိပ် (ကလေး)ပင်မ အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ စီမံကိန်းအမှုဆောင်အင်ဂျင်နီယာ ဦးနေလင်းဦးက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် သတ်မှတ်ချိန်အတွင်း ပြီးစီးရေးအတွက် စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အစိုးရနည်းပညာကောလိပ်(ကလေး)ကျောင်းအုပ်ကြီး ဒေါက်တာခိုင်ဇင်နွေးက သင်ကြားရေးဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းအင်အား အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လိုအပ်သည်များ မှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ ပြီးစီးရေးအတွက် လိုအပ်သည်များ မှာကြားညွှန်ကြားဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် စီမံကိန်းလုပ်ငန်းခွင်ရှိ ဘွဲ့နှင်းသဘင်ခန်းမအပါအဝင် စီမံကိန်းလုပ်ငန်းခွင်အတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကာ **(အပေါ်ပုံ)** လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာကောလိပ်(ကလေး) ပင်မ အဆောက်အအုံမှာ အလျား ၅၁၃ပေ၊ အနံ ၃၅၈ပေနှင့် အမြင့် ၄၂ပေရှိ သုံးထပ်အဆောက်အအုံဖြစ်ပြီး စာသင်ခန်း ၃၇ခန်းပါဝင်၍ ကျောင်းသားဦးရေ ၃၀၀၀ပညာသင်ကြားနိုင်သည်။ အဆိုပါ တည်ဆောက်ရေးစီမံကိန်းမှာ ၄၃ ဒသမ ၃၀ရာခိုင်နှုန်းပြီးစီးလျက်ရှိကြောင်း သိရသည်။

မဏိပူရရေလှောင်တမံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် နံနက် ၉နာရီတွင် စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးမြို့နယ် ကလေး-ဂန့်ဂေါကားလမ်းပေါ်ရှိ ကမ္ဘာ့နီတံတားအထက်ဘက် ၂ဒသမ၅မိုင်ခန့်အကွာ တည်ရှိသည့် မဏိပူရ ရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ တာဝန်ရှိသူများက မဏိပူရ ရေလှောင်တမံဘက်စုံစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ အကြိုတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှု၊ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ရာတွင် အဓိက ပါဝင်မည့်လုပ်ငန်း ကဏ္ဍအဆင့်ဆင့်နှင့် လုပ်ငန်းစတင်ဆောင်ရွက်မှု အခြေအနေ၊ တမံအုဂြောင်းတောရှင်းခြင်းနှင့် တမံအောက်ခြေရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ညှိနှိုင်းစီမံဆောင်ရွက်ပေးပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် အလေအလွင့်မရှိစေရေး၊ လုပ်ငန်းခွင်အတွင်းအန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်းပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

မဏိပူရရေလှောင်တမံသည် တမံအလျားပေ ၂၆၀၀၊တမံအမြင့် ၅၂၅ပေ၊ တမံအမျိုးအစားမှာ ကျောက်ဖြည့်မြေသားတမံ (Earth Core Rock Fill Dam) အမျိုးအစားဖြစ်ပြီး ကန်ရေပြည့်ရေလှောင်ပမာဏမှာ ၁ဒသမ ၂၆ဧကပေသန်းပေါင်းရှိသည်။ ရေလွှဲ(ရေပိုလွှဲ)ဥမင်အရွယ်အစားမှာ ၂၆ပေ၊ အချင်းနှစ်ပေါက်။ ရေလွှဲ(ရေပိုလွှဲ)ဥမင်အလျားမှာ ပေ ၃၀၀၀ခန့်ရှိသည်။ ရေအားလျှပ်စစ်ဥမင်အရွယ်အစားမှာ ၂၆ပေ၊ အချင်းနှစ်ပေါက်၊ ရေအားလျှပ်စစ်ဥမင်အလျားပေ ၃၀၀၀ခန့်ဖြစ်ပြီး နှစ်စဉ်လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုမှာ ကီလိုဝပ်နာရီသန်း၂၆၈၀ရှိကြောင်း သိရသည်။

မဏိပူရရေလှောင်တမံ ဘက်စုံစီမံကိန်းကို နှစ်စဉ် မြစ်သာမြစ်လွင်ပြင် ရေကြီးမှုကို ကာကွယ်နိုင်ရန်နှင့် ကလေးဝအောက်ပိုင်း မြစ်ကမ်းတစ်လျှောက် ရေကြီးမှုကို လျှော့ချနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ပြီး စီမံကိန်းပြီးစီးပါက လယ်မြေဧက ငါးသောင်းခန့်ကို ရေပေးဝေနိုင်မည့်အပြင် လျှပ်စစ်ဓာတ်အား ၅၀၄ မဂ္ဂါဝပ်ထုတ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မွန်းလွဲ ၁နာရီခွဲတွင် ကလေးမြို့ နယ်မြေခံတပ်နယ်ခန်းမ၌ တိုင်း၊ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ရင်းရင်းနှီးနှီး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အခမ်းအနားသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ည ၇နာရီခွဲတွင် နယ်မြေခံတပ်နယ်ရှိ ဧည့်ခန်းမ၌ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့်တာဝန်ရှိသူများ ကလေးခရိုင်၊ မော်လိုက်ခရိုင်၊ တမူးခရိုင်တို့မှခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ လယ်ယာမြေဖော်ထုတ်ရေးနှင့် ရော်ဘာစိုက်ပျိုးရေးအပါအဝင် စိုက်ပျိုးရေးကဏ္ဍ၊ ကလေးဝ-မော်လိုက်လမ်း ဆောင်ရွက်မှုကဏ္ဍတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

မိုးယံကောင်းပဌာန်းဗိမာန်သုံးထပ်ကျောင်းတော်ကြီး သိမ်သမုတ်ပွဲပူဇာမင်္ဂလာကျင်းပ

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် လိပ်ပြာကန်ကျောင်းတိုက် သဒ္ဓမ္မပညာရောင်ခြည်အေးရိပ်သာ၏ မိုးယံကောင်းပဌာန်းဗိမာန် သုံးထပ်ကျောင်းတော်ကြီး သိမ်သမုတ်ပွဲ ပူဇာမင်္ဂလာအခမ်းအနားကို မတ်၂၃ရက် ည ၇နာရီတွင် အဆိုပါ သုံးထပ်ကျောင်းတော်၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု(ရွှေကျင်သာသနာပိုင်) ဆရာတော် ဘဒ္ဒန္တ အဂ္ဂိယဓဇမေဒနီ အမှူးပြုသော ဆရာတော်ကြီးကိုးပါးတို့က မိုးယံကောင်းပဌာန်းဗိမာန် သုံးထပ်ကျောင်းတော်ကြီး သိမ်သမုတ်ပွဲ ပူဇာမင်္ဂလာအခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒေါ်ဥာဏစာရီ စာသင်တိုက်မှ သီလရှင် ၄၅ပါးတို့က အန္တရာယ်ကင်း ရွတ်ဖတ်ပူဇော်၍ ဆရာတော်၊သံဃာတော် အပါး ၉၀ တို့က သိမ်သမုတ်ပေးတော်မူသည်။

မတ်၂၄ရက် နံနက်၅နာရီတွင် အဆိုပါ သုံးထပ်ကျောင်းတော်၌ ပင့်သံဃာ အရှင်သူမြတ်တို့အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်း၍ ဟံသာဝတီ ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇဝန အရှင်သူမြတ်အား ပုနောယသမ္ဘဒ ကံထပ်မင်္ဂလာပြုလုပ်သည်။

ရေစက်သွန်းချ

ယင်းနောက် (ရွှေကျင်သာသနာပိုင်) ဆရာတော်ကြီးထံမှ အလှူရှင်များနှင့် ဧည့်ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်၍ မိဘများဖြစ်ကြသော (ဦးဆာမိ-ဒေါ်ရှုဟုန်) (ဦးစုခိ-ဒေါ်ကျင်မြိုင်) တို့အား ရည်စူးပြီး အလှူရှင် ကျောင်းအမ ဒေါ်ဒေါ်တိနှင့် ကျောင်းဒါယကာ ဦးကောက်၊ ကျောင်းဒါယိကာမ ဒေါ်ခင်ခင်ဝင်း၊ မုံရွာဒေါ်စန်းစန်းမြင့် သား မောင်သန့်ဇော်တို့နှင့် ဧည့်ပရိသတ်များက ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ရေချိုငါး မွေးမြူရေး လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်ဆွေးနွေးမှာကြား

ရန်ကုန် မတ် ၂၉

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် နှင့်မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံ ရေချိုငါးမွေးမြူရေးလုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့နံနက် ၈နာရီခွဲက ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါ ခန်းမဆောင်၌ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း တက်ရောက်၍ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အရှိန်အဟုန်မြှင့်တိုးချဲ့ဆောင်ရွက်ရေးနှင့် မွေးမြူရေးအစားအစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် အခြေအနေများကို ဆွေးနွေးမှာကြားသည်။ (အပေါ်ပုံ)

ထို့နောက် မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဦးဝင်းကြိုင်က ရေချိုငါးမွေးမြူရေး လုပ်ငန်းဆိုင်ရာ အခြေအနေများကို လည်းကောင်း၊ အတွင်းရေးမှူး ဦးစိုးတင့်က ရေချိုငါးမွေးမြူရေးလုပ်ငန်း၏ တစ်ကေချင်းအလိုက် အကျိုးအမြတ် ရရှိနိုင်မှု အခြေအနေများကိုလည်းကောင်း၊ တွံတေးမြို့နယ်မှ ငါးမွေးမြူရေးလုပ်ငန်းရှင် ဦးစောမြင့်ရွှေ၊ တွံတေးမြို့နယ် ရွှေယမင်းဒေသ ငါးမွေးမြူရေးလုပ်ငန်းရှင် ဦးဝင်းသွင်နှင့် မအူပင်မြို့နယ်မှ ငါးမွေးမြူရေးလုပ်ငန်းရှင် ဦးရှန်ကြည်တို့က ရေချိုငါးမွေးမြူရေးလုပ်ငန်းတွင် လုပ်ငန်းအဆင့်အလိုက် တွေ့ကြုံရသည့် အခြေအနေများကိုလည်းကောင်း တင်ပြဆွေးနွေးကြသည်။

စံချိန်စံညွှန်း

ဆက်လက်၍ ငါးစာ၏ အရည်အသွေး စံချိန်စံညွှန်း၊ ဈေးနှုန်းထိန်းညှိမှုနှင့် ထုတ်လုပ်မှုဆိုင်ရာ အခြေအနေများကို မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်အေးက လည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်က မွေးမြူရေးအစာတုများ အန္တရာယ်နှင့်မွေးမြူရေးအစာတုထုတ်လုပ်သူများအား အရေးယူ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပုဂ္ဂလိက အစာစပ်စက်ရုံများ၊ မွေးမြူရေးအစားအစာ ရောင်းဝယ်သူများနှင့် မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းဆိုင်ရာ အခြေအနေများကို လည်းကောင်း တင်ပြဆွေးနွေးကြသည်။

မှာကြား

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုံးစီးရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ အစီအစဉ်များစတင်ထုတ်လွှင့်

ရန်ကုန် မတ် ၂၉

ရုပ်မြင်သံကြားတိုးချဲ့ထုတ်လွှင့်ရေး အစီအစဉ်အရ ရှမ်းပြည်နယ်(မြောက်ပိုင်း)မုံးစီး၌ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၀၅ခုနှစ် မတ်၂၃ရက်တွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။

အဆိုပါစက်ရုံမှ လွှင့်အား ၁၀ ဝပ်၊ လှိုင်းနှုန်း(၇)ဖြင့် မတ်၂၄ ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/အသံကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲဆက်

လက်ရှိချန်ပီယံဘဏ္ဍာ/အခွန်ဂိုးပြတ်အနိုင်ရရှိ

ရန်ကုန် မတ် ၂၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄–၂၀၀၅ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံဘဏ္ဍာ/အခွန်အသင်းက ဆောက်လုပ်ရေးအသင်းကို ရှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဘဏ္ဍာ/အခွန်အသင်းအတွက် အနိုင်ဂိုးများကို ဇော်ထိုက်က သုံးဂိုး၊ မျိုးလှိုင်ဝင်းက နှစ်ဂိုး၊ ကျော်သူရ၊ လွင်ဦးနှင့် ဇင်မင်းဦးတို့က တစ်ဂိုးစီသွင်းယူပေးသည်။ ဆောက်လုပ်ရေးအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ဆန်းဒေးသိန်းက သွင်းယူပေးသည်။

တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ မြို့တော်စည်ပင်အသင်းနှင့် ပြည်ထဲရေးအသင်းတို့ ယှဉ်ပြိုင်ကစားရာ မြို့တော်စည်ပင်အသင်းက လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲ

မတ် ၃၀ရက်**(ယနေ့)** ညနေ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ စီးပွား/ကူးသန်းအသင်းနှင့် တံခွန်အသင်း၊ ပဒေသာအားကစားကွင်း၌ ကမ္ဘောဇအသင်းနှင့် တပ်မတော်(ကြည်း)အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပပြီးစီး

GRAND ROYAL SPECIAL RESERVE Golf Championship

ရန်ကုန် မတ် ၂၉

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် International Beverages Trading Co., Ltd.နှင့် HAN Event Management တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၀၄–၂၀၀၅ခုနှစ် ဂရင်းရွှိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၂၀ရက်မှ စတင်၍ မြို့ကြီးလေးမြို့၌ ကျင်းပခဲ့ရာ အောင်မြင်စွာပြီးဆုံးသွားခဲ့ပြီ ဖြစ်သည်။

ဂရင်းရွှိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲပထမပွဲစဉ်ကို ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တွင် ရန်ကုန်မြို့ မြို့တော်ဂေါက်ကွင်း၌ကျင်းပရာ အပျော်တမ်းဂေါက်သီးရိုက်အားကစားသမား ၂၂၄ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပထမပွဲစဉ်ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် ညနေပိုင်း၌ မြို့တော်ဂေါက်ကွင်း (မြကန်သာ)တွင် ကျင်းပရာ တတိယဆုကိုသိန်းလင်းထွန်း၊ ဒုတိယဆုကို ကျော်ဆန်းလွင်နှင့် ပထမဆုကို ဇော်မင်းအေးတို့ကရရှိကြသည်။

ဂရင်းရွှိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ်ကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တွင် မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကွင်း၌ကျင်းပရာ အပျော်တမ်းဂေါက်သီးရိုက်အားကစားသမား ၂၄၅ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ဒုတိယပွဲစဉ်ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ၁၂ရက်ညနေပိုင်း၌ မန္တလေးမြို့ Orientai House Restaurant တွင် ကျင်းပရာ တတိယဆုကို တေဇာလင်း၊ ဒုတိယဆုကို စိုင်းကြူး၊ ပထမဆုကို အေးကိုတို့ကရရှိကြသည်။

ဂရင်းရွှိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ်ကို ယခုနှစ် ဇန်နဝါရီ ၉ ရက်က လားရှိုးမြို့ လားရှိုးဂေါက်ကွင်း၌ ကျင်းပရာ အပျော်တမ်းဂေါက်သီးရိုက်အားကစားသမား ၁၀၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ တတိယပွဲစဉ် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၉ ရက် ညနေပိုင်းက လားရှိုးမိုတယ်တွင်ကျင်းပရာ တတိယဆုကို စိုင်းဟန်လှိုင်၊ ဒုတိယဆုကို လောစူးနှင့် ပထမဆုကို စိုးမိုးအောင်တို့က ရရှိကြသည်။

ဂရင်းရွှိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ်ကို ဖေဖော်ဝါရီ ၈ ရက်၌ မြိတ်မြို့ မြိတ်ဂေါက်ကွင်းတွင် ကျင်းပရာ အပျော်တမ်းဂေါက်သီးရိုက်အားကစားသမား ၄၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ စတုတ္ထပွဲစဉ် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် ညနေပိုင်း၌ မြိတ်ဂေါက်ကလပ်မြက်ခင်းပြင်တွင် ကျင်းပရာ တတိယဆုကို ဝင်းသိန်း၊ ဒုတိယဆုကို အောင်သန်းနှင့် ပထမဆုကို ကျော်ဟိန်းတို့က ရရှိကြသည်။

ဂရင်းရွှိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ၂၀၀၅ ခုနှစ် မတ် ၅ ရက်နှင့် ၆ရက်တွင် ရန်ကုန်မြို့ မြို့တော်ဂေါက်ကွင်း၌ ကျင်းပခဲ့သည်။ မတ် ၅ ရက်တွင် ပထမပွဲစဉ်(ရန်ကုန်)၊ ဒုတိယပွဲစဉ်(မန္တလေး)၊ တတိယပွဲစဉ် (လားရှိုး)နှင့် စတုတ္ထပွဲစဉ်(မြိတ်)တို့မှ အကောင်းဆုံးဂေါက်သီးရိုက်အားကစားသမား စုစုပေါင်း ၁၅ဦးပါဝင်ယှဉ်ပြိုင်ကြသည်။ မတ် ၆ ရက်တွင် ပထမနေ့မှ အကောင်းဆုံးဂေါက်သီးရိုက်အားကစားသမား လေးဦးတို့၏ နောက်ဆုံးဗိုလ်လုပွဲစဉ်နှင့်အတူ Pro-Am ပွဲစဉ်ကို ကျင်းပရာ နာမည်ကျော်ကြေးစားဂေါက်သီးရိုက်အားကစားသမား ၂၉ ဦး၊ အပျော်တမ်းဂေါက်သီးရိုက်အားကစားသမား ၁၀၅ ဦး စုစုပေါင်း ၁၃၄ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆုများချီးမြှင့်

နောက်ဆုံးဗိုလ်လုပွဲစဉ် ဆုပေးပွဲအခမ်းအနားကို မတ် ၆ ရက် ညနေပိုင်း၌ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်တွင် ကျင်းပရာ တတိယဆုကို စိုင်းဟန်လှိုင်(လားရှိုး)၊ ဒုတိယဆုကို သိန်းလင်းထွန်း(ရန်ကုန်) နှင့် ပထမဆုကို စိုးမိုးအောင်(လားရှိုး) တို့က ရရှိခဲ့ကြသည်။ ထို့အပြင် Professional ပြိုင်ပွဲအတွက် ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထဆု၊ Pro-Am ပြိုင်ပွဲအတွက် အတွဲလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုများကို ချီးမြှင့်ခဲ့သည်။ ဂရင်းရွှိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ ပွဲစဉ်တိုင်း၌ ပထမ၊ ဒုတိယနှင့် တတိယဆုများအပြင် အနီးဆုံးရိုက်ချက်ဆု၊ အဝေးဆုံးရိုက်ချက်ဆု၊ Most Par ဆု၊ Most Birdies ဆုနှင့် နှစ်သိမ့်ဆုများကိုလည်း ချီးမြှင့်သည်။

Grand Royal Special Reserve Golf Championship ပွဲစဉ်များကို Co-sponsors များ ဖြစ်ကြသော Air Mandalay၊ Popa Aqua၊ Crusher Club Soda၊ Ping (Pan Dagon Int'l Ltd.)နှင့် Traders Hotel တို့က ဝိုင်းဝန်းကူညီပံ့ပိုးပေးကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တိုင်းရင်းသားအစီအစဉ်များ ပြောင်းလဲထုတ်လွှင့်မည်

ရန်ကုန် မတ် ၂၉

မြန်မာ့အသံမှ သုံးလတစ်ကြိမ်အက္ခရာစဉ်အလိုက် အလှည့်ကျ ပြောင်းလဲထုတ်လွှင့်လျက်ရှိသော တိုင်းရင်းသားအစီအစဉ်များကို ဧပြီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ လှိုင်းတို ၆၃၁၀ မီတာ ၄၉ မီတာမှနေ၍ အသံလွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မည်ဖြစ်ရာ ပိုးကရင်ဘာသာအစီအစဉ်ကို မွန်းလွဲ ၂ နာရီမှ ၂ နာရီ ၄၅ မိနစ်၊ ချင်းဘာသာအစီအစဉ်ကို မွန်းလွဲ ၂ နာရီ ၄၅ မိနစ်မှ ညနေ ၃ နာရီခွဲ၊ မွန်ဘာသာအစီအစဉ်ကို ညနေ ၃ နာရီခွဲမှ ညနေ ၄ နာရီ ၁၅ မိနစ်၊ ရခိုင်ဘာသာအစီအစဉ်ကို ညနေ ၄ နာရီ ၁၅ မိနစ်မှ ညနေ ၅ နာရီ၊ ရှမ်းဘာသာအစီအစဉ်ကို ညနေ ၅ နာရီမှ ညနေ ၅ နာရီ ၄၅ မိနစ်၊ ကချင်ဘာသာအစီအစဉ်ကို ညနေ ၅နာရီ ၄၅မိနစ်မှ ညနေ ၆ နာရီခွဲ၊ ကယားဘာသာအစီအစဉ်ကို ညနေ ၆ နာရီခွဲမှ ည ၇ နာရီ ၁၅ မိနစ်၊ စကောကရင်ဘာသာအစီအစဉ်ကို ည ၇ နာရီ ၁၅ မိနစ်မှ ည ၈ နာရီအထိ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့တစ်လွှား အားကစား

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲ အာဖရိကဇုန်ယှဉ်ပြိုင်

နာမည်ကြီး နိုင်ဂျီးရီးယား၊ ဆီနီဂေါနှင့် တောင်အာဖရိကတို့နိုင်ပွဲရ

အဘိုင်ဂျန် မတ် ၂၈

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အာဖရိကဇုန်ခြေစစ်ပွဲများကို ဆက်လက်ကျင်းပခဲ့ရာ အာဖရိကဇုန်တွင် အုပ်စု ငါးစုခွဲထားပြီး အုပ်စုပထမရရှိသောအသင်းများသာ ခြေစစ်ပွဲအောင်မည်ဖြစ်သဖြင့် အကြိတ်အနယ် ရှိနေပြီဖြစ်သည်။ ယခုအခါ ခြောက်ပွဲမြောက်ကစားခဲ့ကြရာတွင် ဆီနီဂေါ၊ နိုင်ဂျီးရီးယား၊ တောင်အာဖရိကနှင့် ကင်မရွန်းစသည့် အာဖရိကနာမည်ကြီးအသင်းများ နိုင်ပွဲများ ရရှိခဲ့ကြသည်။

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် နိုင်ဂျီးရီးယားနှင့် ဂါဘွန်တို့ပွဲတွင် နိုင်ဂျီးရီးယားမှ အဂါဟိုဝါ(ဝဲ)၏ထိုးဖောက်ကစားမှုကို ဂါဘွန်မှ ဂိုရာရူ(ယာ) ဟန့်တားစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဆီနီဂေါနှင့်လိုင်ဘေးရီးယား

ပြီးခဲ့သည့် ကမ္ဘာ့ဖလားပွဲတွင် နာမည်ကြီးခဲ့သော ဆီနီဂေါအသင်းသည် ယခုနှစ်တွင်လည်း ခြေစစ်ပွဲ၌ ခြေစွမ်းပြလျက်ရှိရာ အိမ်ကွင်းသုံးပွဲကစား သုံးပွဲစလုံး အနိုင်ရရှိထားသည်။ ဆီနီဂေါအသင်းသည် လိုင်ဘေးရီးယားကဲ့သို့ အဝေးကွင်းရော အိမ်ကွင်းပါ ခြေစွမ်းမထက်မြက်သည့် အသင်းကို ပွဲချိန် ၁၇ မိနစ်မှာပင် ပရီမီးယားလိဂ် ဘော်လ်တန်အသင်းတွင် ကစားနေသည့် ဖာဒီဂါက လိုင်ဘေးရီးယား ပယ်နယ်တီဧရိယာအစပ်၌ ရရှိသော အလွတ်တည်ကန်ဘောမှတစ်ဆင့် ဂိုးသွင်းယူခဲ့သည်။

ဆီနီဂေါတို့ တစ်ဖက်သတ်ဖိကစားထားနိုင်မှုကြောင့် ၄၅ မိနစ်တွင် လိုင်ဘေးရီးယားဂိုးသမားကြောင့် ရရှိသည့် ပယ်နယ်တီဘောလုံးကို ဒိုင်ဝုဖ်က သွင်းယူခဲ့သဖြင့် ဒုတိယဂိုးရရှိကာ ပထမပိုင်းတွင် ဆီနီဂေါတို့ နှစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလား ခြေစစ်ပွဲအဖြစ် အာဖရိက ဇုန် အသင်းများ ဖြစ်သော ဆီနီဂေါ အသင်းနှင့် လိုင်ဘေး ရီး ယား အသင်းတို့ ပွဲတွင် ဆီ နီ ဂေါ တိုက်စစ်မှူးအင်ဒီရာယီ (အပေါ်) **ဘော လုံး ရ ရှိ ရေး ကြိုးစားစဉ်။** (ဓာတ်ပုံ– အင်တာနက်)

ထို့နောက် ဒုတိယပိုင်းတွင် ဆီနီဂေါတိုက်စစ်မှူးများ ထိုးဖောက်မှုကို လိုင်ဘေးနီးယားနောက်တန်း မထိန်းနိုင်ဘဲရှိနေရာမှ ၅၂ မိနစ်တွင် ဖာရီ၊ ၆၉ မိနစ်တွင် ကာမာရာ၊ ၇၂ မိနစ်တွင် ဒိုင်ရာရီနှင့် ၈၄ မိနစ်တွင် ဒိုင်ဝုဖ်တို့က ဂိုးများဆက်တိုက်သွင်းယူခဲ့ပြီး ၈၈ မိနစ်တွင် လိုင်ဘေးရီးယားမှ မာကောက ချေပဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ယခုပွဲအနိုင်ရရှိခဲ့သဖြင့် ဆီနီဂေါသည် အာဖရိကဇုန်အုပ်စု(၁)တွင် ခြောက်ပွဲကစား ၁၃ မှတ်ဖြင့် ထိပ်ဆုံး၌ရပ်တည်နေသည်။

နိုင်ဂျီးရီးယားနှင့်ဂါဘွန်

အာဖရိက နာမည်ကြီး နိုင်ဂျီးရီးယားလည်း ယခုပွဲအနိုင်ရခဲ့၍သာ ဒုတိယနေရာမှ အင်ဂိုလာကို နှစ်မှတ်ဖြတ်နိုင်ခဲ့သည်။ ယခုနှစ် ခြေစစ်ပွဲတွင် အဝေးကွင်းရလဒ် မကောင်းမှုကြောင့် ခြေစစ်ပွဲအောင်ရန် မနည်းကြိုးစားနေရသော နိုင်ဂျီးရီးယားသည် မိမိမြေပေါ်တွင် ဂါဘွန်ကို အနိုင်ရရန်ကြိုးစားကစားခဲ့ရသည်။ အင်တာမီလန်တွင် ကစားနေသည့် မာတင်အစား လူစားဝင်လာသည့် ကနူးက ၈၄ မိနစ် အရောက်တွင် ဖြတ်တင်ပေးလိုက်သော ဘောလုံးကို အက်ဟာဟိုဝါက အပြင်းကန်သွင်းပြီး အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သလို ၈၆ မိနစ်တွင် ကနူးက ယာကူဘူထိုးပေးလိုက်သည့် ဘောလုံးကို သွင်းယူနိုင်ခဲ့သဖြင့် နိုင်ဂျီးရီးယားတို့ နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

နိုင်ဂျီးရီးယားသည် ယခုပွဲအနိုင်ရရှိသဖြင့် အာဖရိကဇုန်အုပ်စု(၄)တွင် ခြောက်ပွဲကစား ၁၃ မှတ်ဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေပြီး ခြေစစ်ပွဲအောင်ရန်အလားအလာကောင်းသွားသည်။

တောင်အာဖရိကနှင့်ယူဂန္ဒာ

ခြေစစ်ပွဲအောင်ရန် မဖြစ်နိုင်တော့သည့် ယူဂန္ဒာအသင်းကို တောင်အာဖရိကအသင်းက မိမိမြေပေါ်တွင် ကံကောင်းထောက်မစွာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ တောင်အာဖရိကအသင်းက ၂၁မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ်မှတစ်ဆင့်ဖော်ကျွန်းက ဂိုးသွင်းယူခဲ့ပြီး ၇၂မိနစ်တွင် စတီဗင်ပီဟာနာက ဒုတိယဂိုးသွင်းယူခဲ့သည်။ ယူဂန္ဒာအတွက် ချေပဂိုးကို ၆၆မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် အိုဆူရာက သွင်းယူပေးခဲ့သဖြင့် တောင်အာဖရိကတို့ နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အုပ်စု(၂)တွင် ခြောက်ပွဲကစား ၁၂မှတ်ဖြင့် ခြေစစ်ပွဲအောင်ရန် မျှော်လင့်နိုင်နေပြီဖြစ်သည်။

အခြားပွဲရလဒ်များ

ကင်ညာ	၁	–	၀	ဘော့ဆွာနာ
ဇမ်ဘီယာ	၂	–	၀	ကွန်ဂို
ဘူကီနာဖာဆို	၁	–	၂	ကိတ်မာဒီကျွန်း
တူနီးရှား	၇	–	၀	မာလာဝီ
မော်ရိုကို	၁	–	၀	ဂီနီ
ဇင်ဘာဘွေ	၂	–	၀	အင်ဂိုလာ
အယ်ကွီးရီးယား	၀	–	၁	ရဝမ်ဒါ
အီဂျစ်	၄	–	၁	လိုင်ဘိုင်ရာ
မာလီ	၁	–	၂	တိုဂို
အိုင်ဗရီကို့စ်	၃	–	၀	ဘီနီ
ကင်မရွန်း	၂	–	၁	ဆူဒန်

(အင်တာနက်)

အများသိစေရန်ကြော်ငြာခြင်း

ဦးနေမျိုးထွန်း(ခ)Maverick (TGI-၀၂၀၁၇၁)သည် ဘုန်းဝေတိုးကုမ္ပဏီနှင့်သော်လည်းကောင်း၊ ဘုန်းဝေတိုးကုမ္ပဏီနှင့် လုပ်ငန်းဖက်စပ်လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီများနှင့်သော်လည်းကောင်း ၁၂-၃-၂၀၀၅ရက်နေ့စွဲပါ ဦးနေမျိုးထွန်း၏စာအရ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် နောက်နောင်ဖြစ်ပေါ်လာသော ကိစ္စအဝဝသည် ၎င်း၏တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးမောင်မောင်သွင်
မန်နေဂျင်းဒါရိုက်တာ
ဘုန်းဝေတိုးကုမ္ပဏီ။



လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးဝင်းဌေး(အင်ဂျင်နီယာ)-ဒေါ်ကြည်ကြည်လွင်တို့၏သား
ဗိုလ်ကြီးဝင်းနေလွင် B.Sc (DSA)
နှင့်
ရန်ကုန်မြို့နေ ဦးငွေဝင်း(အင်ဂျင်နီယာ)-ဒေါ်ခင်ဝင်းသန်းတို့၏သမီး
ဒေါက်တာချောစုဝင်း M.B.,B.S (Ygn)

တို့၏ ၂၀-၃-၂၀၀၅ရက်တွင်IBC ၌ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် ကြွရောက်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၏ဇနီး ဒေါ်ခင်မလေး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်းနှင့်ဇနီး ဒေါ်သန်းဝင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်နှင့်ဇနီး ဒေါ်ဖြူဖြူအေးတို့အားလည်းကောင်း၊ ၃၁-၁၂-၂၀၀၄ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးချီးမြှင့်ပေးပါသော တရားရုံးချုပ်တရားသူကြီး ဦးမြင့်သိန်း၊ မင်္ဂလာပန်းကြဲပေးသော မဝင်းမွန်မွန်လွင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မစုရည်လင်း၊ မင်္ဂလာသတို့သားအရန်နှင့် သတို့သမီးအရန် အဖြစ်ဆောင်ရွက်ပေးသော ဗိုလ်ကြီးထက်ပိုင်နှင့် ဒေါက်တာမေဦးခိုင်တို့အားလည်းကောင်း၊ တက်ရောက်ချီးမြှင့်ကြသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်ဗိုလ်ကြီးဝင်းနေလွင်-ဒေါက်တာချောစုဝင်း။

ဓမ္မစပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ သိင်္ဂါလမ်း၊ တိုက်(၁၆၂/၂)နေ
ဦးထွန်းကြည်(ဦးစီးအရာရှိ၊ မြို့/အိုး)-ဒေါ်သန်းသန်းဦး(မြို့/အိုး)တို့၏သားကြီး
ဗိုလ်ကြီးဇော်မျိုးထွန်း
B.C.Sc (D.S.A), Hons; M.E
နှင့်
ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ဘော်စင်လမ်း၊ တိုက်(၉/၃) နေ
(ဦးအောင်ကျော်သိန်း)၊ ဒေါ်ခင်ရွှေ(ဌာနစုမှူး၊ မြို့ပြ/မြေစီမံ၊ Y.C.D.C)တို့၏
တစ်ဦးတည်းသောသမီး
မသန့်ရွှေဇင်အောင်
B.Com (Q),CPA (Part I, Candidate)
တို့သည် ၂၇-၃-၂၀၀၅ရက်တွင် နှစ်ဖက်သောမိဘများနှင့်
ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်၌ ဓမ္မစပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဇော်မျိုးထွန်း-မသန့်ရွှေဇင်အောင်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ကသ/၁၂၃၆ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှ ၁၅ရက်အတွင်း ကညန၊တိုင်းရုံး(ထားဝယ်)သို့လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊တိုင်းရုံး(ထားဝယ်)။

သမီးအဖြစ်မှစွန့်လွှတ်ကြောင်း ဒေါ်ရွှေရင်နှင့်အများသိစေရန်

လားရှိုးမြို့၊ရပ်ကွက်(၅)၊မမ္မရိပ်သာလမ်း၊ အိမ်အမှတ် ၇၂၁နေ ဦးကောလိန်နှင့် ဒေါ်အဲနန်းတို့သည် သားသမီးရှစ်ဦး ထွန်းကားခဲ့ပါသည်။ ဒေါ်ရွှေရင် ၁၃/လရန(နိုင်)၀၈၁၈၉၆သည် ခုနစ်ယောက်မြောက် သမီးဖြစ်ပြီး လွန်ခဲ့သော ၁၉၉၂ခုနှစ်က အိမ်ထောင်ကျကာ တသီးတခြား အိုးအိမ်ထူထောင် နေထိုင်ခဲ့သူဖြစ်ပါသည်။ ဒေါ်ရွှေရင် ၁၃/လရန(နိုင်)၀၈၁၈၉၆သည် ၎င်း၏အိမ်ထောင်နှင့်သီးခြားနေထိုင်သော်လည်း ကျွန်တော် ကျွန်မတို့အား ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ရွှေရင် ၁၃/လရန(နိုင်)၀၈၁၈၉၆အား သမီးအဖြစ်မှစွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအရပ်ရပ်နှင့် စပ်လျဉ်း၍လည်း မည်သို့မျှသက်ဆိုင်ခြင်းမရှိသဖြင့် ဖြေရှင်းပေးမည်မဟုတ်ကြောင်း ဒေါ်ရွှေရင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

သမီးအဖြစ်မှစွန့်လွှတ်ကြသူ မိဘနှစ်ပါး-
ဦးကောလိန် ၁၃/လရန(နိုင်)၀၃၄၄၅၅

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

1. Product Manager (၂)ဦး
   - M.B.,B.S°/°B.Pharm ဘွဲ့ရဖြစ်ရမည်။
   - ဆေးလုပ်ငန်းအတွေ့အကြုံအနည်းဆုံး နှစ်နှစ်ရှိပြီး၊ ဆေးဝါးများအကြောင်းကို ကျွမ်းကျင်စွာနားလည်ရမည်။
   - နယ်ခရီးသွားလာနိုင်ပြီး လူအများနှင့်ဆက်ဆံရေးကောင်းမွန်ရမည်။
2. Sale Manager (၂)ဦး
   - Medical Graduate°/°Pharmacist°/°Science Graduate
   - ဆေးလုပ်ငန်းအတွေ့အကြုံအနည်းဆုံး သုံးနှစ်ရှိပြီး၊ ဆေးဆိုင်များနှင့်ရင်းနှီးစွာဆက်ဆံနိုင်ရမည်။
   - နယ်ခရီးသွားလာနိုင်ပြီး လူအများနှင့်ဆက်ဆံရေးကောင်းမွန်ရမည်။
3. ဂိုဒေါင်မှူး (အမျိုးသား) (၂)ဦး
   - သိုလှောင်ရုံ လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရမည်။
   - ဘွဲ့ရရှိသူဖြစ်ရမည်။
4. Office Staff (အမျိုးသမီး) (၂)ဦး
   - ၁၀တန်းအောင်/ဘွဲ့ရဖြစ်ရမည်။ ကွန်ပျူတာ ကျွမ်းကျင်ရမည်။
   - ရုံးလုပ်ငန်း အတွေ့အကြုံနှစ် နှစ်ရှိရမည်။

အထက်ပါအလုပ်ကို စိတ်ဝင်စားသူသည် ဤကြော်ငြာပါသည့်နေ့မှ ၁၀ရက်အတွင်း မိမိ၏ ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံနှစ်ပုံ၊ ပညာအရည်အချင်းအထောက်အထား၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်၊ အလုပ်သမား မှတ်ပုံတင်မိတ္တူတို့နှင့်အတူ မိမိလျှောက်ထားလိုသော ရာထူးကို တိကျစွာဖော်ပြ၍ ရန်ကုန်စာတိုက်သေတ္တာအမှတ်(၁၁၄)သို့ ပေးပို့လျှောက်ထားနိုင်သည်။



ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

တောင်ဒဂုံ စက်မှုဇုန်(၁)ရှိ စက်ရုံမြေကွက်အကျယ် ပေ ၆၀ X ပေ ၁၂၀၊ စက်ရုံအကျယ် ပေ ၆၀ X ပေ ၁၀၀၊ ရုံးခန်း၊ ပါဝါမီတာ၊ တယ်လီဖုန်း၊ ပစ္စည်းထားရန် စတိုခန်းများပါရှိသည်။

ဆက်သွယ်ရန် ဖုန်း-၇၀၈၅၉၅၊ ၇၂၀၆၄၀။

စာပေနှင့်စာနယ်ဇင်းအဖွဲ့ဗဟိုအမှုဆောင်အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၂၉

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်အစည်းအဝေး (၃/၂၀၀၅)ကို ယနေ့မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ အမှတ် ၅၉ ကုန်သည်လမ်း စာပေဗိမာန် အဆောက်အအုံ ဒုတိယထပ်ရှိအစည်းအဝေးခန်းမဆောင်၌ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌဦးသန်းမောင်(သန်းမောင်)၊ အတွင်းရေးမှူးဦးလှထွန်း(လှထွန်း-တွံတေး)နှင့်တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင် ကော်မတီဝင်များ တက်ရောက်ကြသည်။

ယင်းအစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌဦးသန်းမောင်(သန်းမောင်)က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး (၃) ဦးခင်ဆွေ (ရွှေစွန်ညို)က ဆောင်ရွက်သည်။

ရှေးဦးစွာ ကျောက်မဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းက မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ ပေးပို့လှူဒါန်းသော အလှူငွေကျပ် ၁၀၀၀၀၀ကို အလှူရှင်ကိုယ်စား ဗဟိုကော်မတီဝင် ဒုတိယဗိုလ်မှူးကြီးအုန်းမောင် (ငြိမ်း)(မြင်းမူ မောင်နိုင်မိုး)က ပေးအပ်ရာ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင် (သန်းမောင်)က လက်ခံသည်။

အစီအစဉ်အရ သဘာပတိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း-တွံတေး)က ဗဟိုအမှုဆောင်အစည်းအဝေး (၂/၂၀၀၅)၏ ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုကို တင်ပြသည်။

ဆက်လက်ပြီး ရုံးအဖွဲ့၊ စည်းရုံးရေးလုပ်ငန်းအဖွဲ့၊ ဘဏ္ဍာရေးအဖွဲ့၊ စာအုပ်ထုတ်ဝေရေးနှင့်ဟောပြောဆွေးနွေး လေ့လာရေးလုပ်ငန်းအဖွဲ့၊ ရန်ပုံငွေရှာဖွေရေးလုပ်ငန်းအဖွဲ့၊ သက်သာချောင်ချိရေးလုပ်ငန်းအဖွဲ့၊ နိုင်ငံတကာ ဆက်သွယ်ရေးလုပ်ငန်းအဖွဲ့၊ စာရင်းစစ်အဖွဲ့၊ စာပေရန်ပုံငွေ ကြီးကြပ်ရေးအဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက အဖွဲ့လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို တင်ပြကြပြီး တက်ရောက်လာကြသည့် ဗဟိုအမှုဆောင်ကော်မတီဝင်များက အကြံပြုဆွေးနွေးကြသည်။

(သတင်းစဉ်)

မြန်မာ့အလင်းသတင်းစာကြော်ငြာဌာနမြို့တွင်း၌ တိုးချဲ့ဖွင့်လှစ်လက်ခံလျက်ရှိ

ရန်ကုန် မတ် ၂၉

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက် အမှတ် ၂၂/၃၀၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၉၆၈၄၃တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ရုံးဖွင့်ရက်များ၌ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ကြော်ငြာများ လက်ခံပေးလျက်ရှိသည်။

(မြန်မာ့အလင်း)

ဂုဏ်ရည်ဝင့်ထည် တပ်မတော်နှစ်(၆၀)

သာယာကြည်နူးဖွယ်ကောင်းလှသည့် တပေါင်းလအခါသမယ ဖြစ်သည်။ ပွင့်လင်းရာသီဖြစ်၍ ခြေခင်းလက်ခင်းသာသည်နှင့်အမျှ လမ်းပန်း ဆက်သွယ်ရေးကလည်း ကောင်းမွန်လာသည့်အတွက် ပြည်သူများ မြန်မာပြည် တစ်နံတစ်လျားမိသားစုခရီးသွားလာကြချိန်ဖြစ်သည်။ ကျွန်မသည်လည်း အားလပ်ရက်တစ်နေ့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ လေ့လာရန် ရောက်ရှိသွားခဲ့သည်။

ခံ့ညားထည်ဝါလှသည့် တပ်မတော်စစ်သမိုင်းပြတိုက်သို့ ဝင်လိုက် သည်နှင့် နိုင်ငံတော်အကြီးအကဲ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအစိုးရအဖွဲ့ဝင်များ၊ဝန်ကြီးများ၏ ဓာတ်ပုံကြီးများ ချိတ်ဆွဲထားသော ခန်းမကြီးကို ပထမဦးစွာ တွေ့ရှိရသည်။ မြန်မာ့ဆင်ရုပ်တုများနှင့် စစ်သမိုင်း ပြတိုက်လမ်းညွှန်ပြမြေပုံကို ခန်းမကြီးမှတစ်ဆင့်ပြခန်း(၁)သို့အဝင်၌ တွေ့ရသည်။ နှစ်(၆၀)ပြည့် တပ်မတော်နေ့အတွက် ပြခန်းများအား သက်ဆိုင်ရာမှ လာရောက်ပြင်ဆင်မွမ်းမံနေကြသည်ကို တွေ့ရှိရသည်။

ပင်မဆောင်အတွင်းသို့ ဝင်လိုက်သည်နှင့် နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်ပြခန်းသို့ရောက်ရှိသည်။ နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ရုပ်ပုံ ရောင်စုံပန်းချီကားကြီးနှင့် လမ်းညွှန်အမှာစကားကို ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ကျောင်းသားကျောင်းသူများ၏ ကွန်ပျူတာဖြင့် ဉာဏ်စမ်းမေးခွန်းများ ယှဉ်ပြိုင်ဖြေဆိုနေကြသည့်နေရာသို့ ရောက်သွားခဲ့ရာ အားကြိုးမာန်တက်ဖြေဆိုလျက်ရှိသော ဉာဏ်ရည်ထက်မြက်ယနေ့လူငယ်များ၏ အရည်အသွေးကို မျက်မြင်ကိုယ်တွေ့ ပီတိဖြစ်ခဲ့ရပါသည်။

ထိုပြခန်းနှင့်ကပ်လျက်အခန်းမှာ တပ်မတော်(ရေ)ပြခန်းဖြစ်သည်။ နယ်ချဲ့ဆန့်ကျင်ရေး ပြည်တွင်းဆူပူသောင်းကျန်းမှုတိုက်ပွဲများတွင်တပ်မတော်(ရေ)နှင့်အတူ တိုက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့သော သမိုင်းဝင်တံမြက်စည်း အမြောက်ကြီး၊ မေယုစစ်သင်္ဘော၊ သက်စွန့်ကြိုးပမ်း တိုက်ပွဲဆင်နွှဲခဲ့သော တပ်မတော်(ရေ)၏ တိုက်ပွဲများ၊ ကမ်းတက်တိုက်ပွဲများ၊ သင်တန်းများ၊ မြန်မာ့ရေပြင်ပိုင်နက်ကို ကာကွယ်စောင့်ရှောက်လျက်ရှိသော (ရေ)တပ်မတော်သားတို့၏ သမိုင်းဝင်ဖြစ်ရပ်များ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများစသည်ဖြင့် ဓာတ်ပုံများ၊ ရုပ်တုများ၊ ပုံစံငယ်များဖြင့် ပြသထားရှိသည်။ တပ်မတော်(ရေ) ပြခန်း၏ ညာဘက်ခြမ်းတွင် စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး(ကကနက်) ပြခန်းတည်ရှိသည်။

တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်သည်များ စစ်မြေပြင်၌သုံးစွဲလျက်ရှိသော စစ်လက်နက်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ စစ်ဆင်ရေးများတွင်အသုံးပြုခဲ့သော လက်နက်ကိရိယာများကို ပြသထားရှိရာ တိုင်းပြည်ကာကွယ် စောင့်ရှောက်ရေးနှင့် ခေတ်မီတပ်မတော်တည်ဆောက်ရေး အခန်းကဏ္ဍ အရေးပါပုံကို သိရှိနိုင်လေသည်။ တစ်ဆက်တည်းရှိသော ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး ပြခန်းကို ဝင်ရောက်ကြည့်ရှုရာ ဆက်သွယ်ရေးတပ်ဖွဲ့၏ တာဝန်မှာ စစ်မြေပြင်၌ မည်မျှအရေးကြီးလှသည်ကို သိရှိခဲ့ရသည်။ ဆက်သွယ်ရေးတပ်သားများစက်များသုံးကာ သတင်းပို့နေသည်ကို သရုပ်ဖော် လူရုပ်တုများဖြင့် ပီပြင်စွာ ပြသထားသည်။

တပ်မတော်စစ်သမိုင်းပြတိုက်မှာ လေးထပ်အဆောက်အအုံဖြစ်သည့် အတွက် ပြခန်းများစုံလင်စွာ ထည့်သွင်းပြသနိုင်သော နိုင်ငံတကာအဆင့်မီ အဆောက်အအုံလည်းဖြစ်သည်။ ပထမထပ်သို့ တက်ရောက်ခဲ့ရာ တိုင်းစစ်ဌာနချုပ်အလိုက် ပြခန်းများကို တွေ့ရသည်။ လှေကားမှတက်သည်နှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ပြခန်းကိုရောက်ရှိ၍ **“တနင်္သာရီတိုင်းသည် အောက်မြန်မာနိုင်ငံ၏ ဆီအိုးကြီးဖြစ်စေရမည်”**ဟူသော ဆောင်ပုဒ်စာတန်းနှင့်အတူ ဆီအုန်းပင်များ သရုပ်ဖော်ပန်းချီကားကြီး၊ မြိတ်မြို့ကမ်းခြေအလှ ပန်းချီကားကြီးများအပြင် ဒေသထွက်ကုန်ပစ္စည်းများ၊သတ္တုတွင်းလုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ဖွံ့ဖြိုးလာမှုများကို ပြသထားသည်။ ထိုမှဆက်၍ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ပြခန်းများကို ပြင်ဆင်မွမ်းမံနေကြသည်ကိုလည်း တွေ့ရှိရသည်။

အထူးသဖြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှာ အသစ်ပြင်ဆင်မွမ်းမံလျက်ရှိရာ ငွေရောင်စာလုံးကြီးများဖြင့် တိုင်းစစ်ဌာနချုပ်အမည်ကို မဟော်ဂနီရောင်ကျွန်းသားပေါ်တွင် ထွင်းထုထားပြီး **“အသက်၊ သွေး၊ ချွေးစဉ်မနေး ပေးဆပ်သည်မှာ တပ်မတော်ပါ”** စာတန်းခေါင်းစဉ်ဖြင့် (ကြည်း၊ရေ၊လေ)တပ်မတော်သားများ နိုင်ငံတော်အလံကိုကိုင်ကာ ချီတက်လာနေပုံ၊ မြေပြင်၊ ရေပြင်၊ ဝေဟင်ပိုင်နက်များအား ကာကွယ်စောင့်ရှောက်နေပုံ ရေးဆွဲထားသော ပန်းချီကားကြီးကို ခံ့ညားစွာတွေ့ရသည်။

တပ်တည်ဆောက်ရေးတာဝန်ကို ရည်ညွှန်းထားသော ခြသေ့်လေးကောင်နှင့် ရှေးခေတ်မြန်မာမူလက်ရာ ရွှေရောင်မုခ်ဦးမှဝင်သည်နှင့် **“ရွှေတိဂုံဝန်းကျင် မျှော်ချေလျှင်”**ခေါင်းစဉ်ပါ ပြကွက်တွင် ရွှေတိဂုံစေတီတော်နှင့် မဟာပါသာဏလိုဏ်ဂူ နမူနာပုံစံငယ်၊ စိန်ဖူးတော်ကြီး၊ ပတ္တမြားမျက်ရှင် ဘုရားကြီးတို့ကို ဖူးရပြီးလျှင် ရွှေတိဂုံစေတီတော် ပတ်ဝန်းကျင်၌ စိမ်းလန်းစိုပြည် သာယာကြည်နူးဖွယ် မြင်ကွင်းကို ဖော်ထုတ်ပြသထားလေသည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းမှူးတာဝန်ထမ်းဆောင်ခဲ့သူများ၏ ဓာတ်ပုံများနှင့် တိုင်းစစ်ဌာနချုပ်၏ သမိုင်းကြောင်းကို Light Box ဓာတ်ပုံများဖြင့် ပီပြင်စွာ ဖော်ပြထားရှိသည်။ ဒို့တာဝန်အရေးသုံးပါး၊ နိုင်ငံတော်ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ်(လမ်းပြမြေပုံ)တို့ကို ဖော်ပြထားရှိပြီး ပြခန်း၏အလယ်တွင် ရှေးခေတ်မြန်မာများ တိုက်ပွဲဝင်ရာတွင် အသုံးပြုခဲ့သော အမြောက်ကြီးနှစ်လက်နှင့်အတူ စည်းလုံးညီညွတ်ခြင်းဖြင့် နိုင်ငံတော်သစ်တည်ဆောက်နေသော သရုပ်ဖော်ကြေးရုပ်တုကြီးတွေ့ရသည်။

တတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သူ အလောင်းမင်းတရားကြီးနှင့် အဂ္ဂမဟာသေနာပတိ ဝန်ကြီး သတိုးသုဓမ္မမင်းကြီး မဟာဗန္ဓုလတို့၏ ကြေးရုပ်တုကြီးများကလည်း မျိုးချစ်စိတ်နှင့် ဇာတိသွေးကို နိုးထစေလေသည်။ အင်္ဂလိပ်နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရန် လှုပ်ရှားရုန်းကန်ကြိုးပမ်းကြပုံကို **“နယ်ချဲ့တွန်းလှန် မျိုးချစ်အားမာန်”**ကဏ္ဍတွင် ရန်ကုန်မြို့တော်၏ သမိုင်းကြောင်းကို သိရှိခွင့်ရခဲ့ပြီး အသက်၊ သွေး၊ ချွေးများစွာ ရင်းနှီးပြီး အမိမြေကိုကာကွယ်ခဲ့ကြသူများ၏ တိုက်ပွဲများမြင်ကွင်းကို ရေးဆွဲထားသော ပန်းချီကားများမှာ အသက်ဝင်လှ၏။ ဆုံးရှုံးခဲ့ရသောလွတ်လပ်ရေးကို ပြန်လည်ရရှိအောင် BIA၊ BDA တပ်မတော်သားများ စစ်ရေးလေ့ကျင့်ခြင်း၊ တိုက်ပွဲဝင်ခြင်း၊ စစ်ကြောင်းချီလာခြင်း၊ ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့ အလံတင်အခမ်းအနားကျင်းပပုံနှင့် ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနား ပြည်သူ့ရင်ပြင်၌ ကျင်းပပုံ သမိုင်းဝင်ဖြစ်ရပ်များကို ဓာတ်ပုံမှတ်တမ်းများဖြင့် ခင်းကျင်းပြသထားရှိရာ **“နိုင်ငံချစ်လျှင် လွတ်လပ်ရေးခုံမင်”** ဆိုသည့် စကားအတိုင်း ရရှိပြီးသောလွတ်လပ်ရေးကိုခုံမင် မြတ်နိုးထိန်းသိမ်းကြရန် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်ကြောင်း အသိပညာရရှိစေသည်။

နိုင်ငံတော်တည်ဆောက်ရာတွင် မျိုးချစ်စိတ်ဓာတ်ကို အခြေခံကာ စွမ်းဆောင်ကြရမည်ဖြစ်ရာ တိုင်းရင်းသား စည်းလုံးညီညွတ်ချစ်ကြည်ရေးကို ရယူကြလျက် စုပေါင်းစွမ်းအားဖြင့် နိုင်ငံတော်သစ်ဆီချီတက်ကြရန် **“နိုင်ငံတော်သစ်ဆီ ရှေ့သို့ချီ”**ပြကွက်တွင် ပီပြင်စွာ ဖော်ညွှန်းပြသထားသည်။

ကမ္ဘာ့နိုင်ငံမြို့တော်ကြီးများနည်းတူ ခေတ်မီထည်ဝါလှပသော မြို့တော်ကြီးဖြစ်စေရန် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်လျက်ရှိရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်လျက်ရှိသော ရန်ကုန်မြို့တော်၏ **“ဖွံ့ဖြိုးတိုးတက်မှုစုံ မြို့ရန်ကုန်”**

ခင်ပြည့်ချစ်

ကဏ္ဍတွင် လေ့လာနိုင်သည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ပတ်ဝန်းကျင် မိုင်၃၀ တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေး၊ ရန်ကုန်မြို့ ကန်တော်ကြီး သဘာဝဉယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဉယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများ၊ နာနတ်တောခုံးကျော်တံတား၊ ပါရမီခုံးကျော်တံတား၊ ရန်ကုန်-သန်လျင်တံတားအမှတ်(၂)၊ ဘုရင့်နောင်တံတား၊ မဟာဗန္ဓုလတံတား တည်ဆောက်ခြင်း၊ ပြည်သာယာကွန်ဒိုမီနီယမ်၊ မော်တင်တာဝါစီမံကိန်း၊ အမျိုးသားစာကြည့်တိုက်ဆောက်လုပ်ခြင်း၊ မြန်မာကွန်ဗင်းရှင်းစင်တာ တည်ဆောက်ခြင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးပြတိုက်၊ ဒဂုံရှေ့ပင်းမောလ်၊ ရေကြောင်းပညာတက္ကသိုလ်၊ မြန်မာ့စက်မှုဆိပ်ကမ်း၊ ပုလဲကွန်ဒိုမီနီယမ်၊ သီရိရိပ်သာ အဆင့်မြင့်အိမ်ရာ၊ မင်းဓမ္မအဆင့်မြင့်အိမ်ရာ၊ လှိုင်သာယာစက်မှုမြို့၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့အဆောက်အအုံသစ် စသည်ဖြင့် ရန်ကုန်တိုင်းအတွင်း လျင်မြန်စွာဖွံ့ဖြိုးတိုးတက်မှုကို ပုံစံငယ်များ Light Boxများဖြင့် သရုပ်ဖော်တင်ပြထားသည်။

မြို့တော်ရန်ကုန်၏ ကမ္ဘာအေးမဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ကျင်းပခဲ့သော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး၌ နိုင်ငံတော်အကြီး အကဲများက အခမ်းအနားတက်ရောက်ခဲ့ပြီး သာသနာတော် ဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်ခဲ့သော သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများဖြင့် ပြသထားရှိရာ **“မြန်မာ့ထွတ်စံ ဗုဒ္ဓညီလာခံ”** ခေါင်းစဉ်နှင့်အညီ ကမ္ဘာ့အလယ်တွင်ဂုဏ်ယူဖွယ် မြန်မာတို့၏ သာသနာရေးဆိုင်ရာ ဆောင်ရွက်မှုပင်ဖြစ်ကြောင်း တွေ့ရှိရသည်။

“လေးရပ်တာဝန် တပ်ကျေပွန်”ကဏ္ဍတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အနေဖြင့် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်လုပ်ငန်းများကို အောင်မြင်စွာထမ်းဆောင်ရာ၌ တပ်တွင်းလေ့ကျင့်ရေးသင်တန်းများဖွင့်ခြင်း၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ သင်တန်းများဖွင့်ခြင်း၊ လေ့ကျင့်ရေးစွမ်းရည်ပြိုင်ပွဲတွင် ဆုချီးမြှင့်ခြင်း၊စွမ်းရည်သုံးရပ် ထက်မြက်စေရန် လေ့ကျင့်ပေးခြင်း၊ တပ်တွင်းသက်သာချောင်ချိရေးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ တပ်ရင်းမိသားစုဝင်များနှင့် တွေ့ဆုံခြင်း အခမ်းအနား၊ တပ်တွင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်း၊ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဆောင်ရွက်ခြင်း လှုပ်ရှားမှုဓာတ်ပုံများ၊ ဆင်နွှဲခဲ့သောစစ်ဆင်ရေးများ စုံလင်စွာ ဖော်ပြထားသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ကဏ္ဍတွင် ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်စေရေး၊ ကျေးလက်ရေရရှိရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရေးအဆင့်မြှင့်ပေးရေး၊ ကျေးလက်ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် လျှပ်စစ်မီးရရှိရေး၊ စံပြကျေးရွာများ၊ ကျေးလက်လမ်းများ၊ ကျန်းမာရေးဌာန၊ ကျေးလက်စာကြည့်တိုက်၊ အခြေခံပညာမူလတန်းကျောင်း၊ သောက်သုံးရေကန်၊ ကျေးလက်တယ်လီဖုန်းအိတ်ချိန်း စသည်ဖြင့် မှတ်တမ်းဇယားပုံစံငယ်များဖြင့် **“ငါးရပ်ဖွံ့ဖြိုး ကျေးလက်ဒေသအကျိုး”**ဆောင် ရွက်ပေးခဲ့သည်ကို အသေးစိတ်ဖော်ပြထားသည်။ ကွမ်းခြံကုန်းရေထိန်းတံခါး၊ ငမိုးရိပ်ရေထိန်းတံခါး၊ ခရမ်းချောင်းရေထိန်းတံခါး၊ တဘူးလှ၊ တောင်လုံးမြောင်၊ဘန့်ဘွေးကုန်း၊ ဇာမဏီ၊ လဂွမ်းပြင်၊ ကလီထော်၊ ပေါင်းလင်း၊ မဟူရာ စသော ရေလှောင်တမံကိုးခုအပြင် မြစ်ရေတင်လုပ်ငန်း ၁၄ခုအား စီမံကိန်းဖြင့် ဆောင်ရွက်ခဲ့ပြီး နောက်ထပ်၁၅ခုကို ဆောင်ရွက်နေဆဲဖြစ်ရာ ၁၉၈၈ခုနှစ် မတိုင်မီ ရေပေးဝေမှုလုပ်ငန်းထက် တိုးတက်များပြားလာသည့်အတွက် ရေထိန်းတံခါး ၆၄ ခု၊ တာတမံနှစ်ခု၊ ရေနုတ်မြောင်း ၃၄ခု ရှိလာသည့်အတွက် အကျိုးပြုဧက ၂၂၄၃၀ ရေပေးဝေနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

တပ်မတော်စစ်သမိုင်းပြတိုက်တွင် ပြသထားသော နိုင်ငံတော်သစ်ဆီ ရှေ့သို့ချီ ပြကွက်ကို တွေ့ရစဉ်။

ပြခန်းတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်၊ သူနာပြုတက္ကသိုလ်သင်တန်းသူ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းသား အသင်းသူ၊အမျိုးသမီးရေးရာအဖွဲ့ဝင်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ရုပ်တုများကို ကိုယ်စားပြုထုလုပ်ပြသထားသည်။ ရန်ကုန်တိုင်းစစ်ဌာနချုပ်သည် ကျွမ်းဘား၊ စစ်တုရင်၊ မြန်မာ့သိုင်း၊ ဟော်ကီ၊ တင်းနစ်၊ ဂူရှူး၊ ဂျူဒို၊ စက်ဘီးအားကစားများတွင် တံခွန်စိုက်ဒိုင်းများရရှိခဲ့ပြီး ၂၀၀၄-၂၀၀၅ခုနှစ် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ(ခ)အဆင့် ပထမဆုများရရှိခဲ့သည့်အတွက်**“အောင်ပွဲဆင့်လှိုင်း ရန်ကုန်တိုင်း”**ဟူသော ခေါင်းစဉ်နှင့်အညီ အောင်မြင်မှုများ ဆက်တိုက်ရရှိခဲ့ကြောင်း တွေ့ရသည်။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထူးပြကွက်များအဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ်ပြခန်း၏ မျက်နှာကြက်နှင့် တိုင်လုံးများတွင် ကြယ်များဖြင့် ပုံဖော်ထားရှိပြီး နံရံများအား တပ်မတော်နေ့ကိုဂုဏ်ပြုခြင်းနှင့် သူရဲကောင်းစစ်သည်များအား ဂုဏ်ပြုဦးညွှတ်ခြင်းအဓိပ္ပာယ်ဖြင့် ကွေးညွှတ်တည်ဆောက်ထားရှိသည်။ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ တပ်မတော်နေ့ အခမ်းအနားတွင် မိန့်ခွန်းပြောကြားနေပုံနှင့် တပ်စစ်ဆေးနေပုံအား ဓာတ်ပုံကြီးဖြင့် Light Boxသုံးကာ ပုံဖော်ပြသခြင်း၊ မီးဆိုင်းကြီးများ၊ မီးရှူးတိုင်ကြီးများ၊ တော်လှန်ရေးပန်းခြံမုခ်ဦးများကို ပုံတူပြုလုပ်ပြသခြင်း၊ နည်းပညာအဆင့်မြင့်အသုံးပြု၍ Projector Computerတို့ဖြင့် နှစ်ဖက်မြင်မှန်ဖြင့် ပြသခြင်း၊ပြခန်းတစ်ခုလုံးအား Sound Boxအလုံး၂၀ဖြင့် အသံညီညီကြားနိုင်သည့် အသံစနစ်ကို အသုံးပြုခြင်းဖြင့် အထူးမွမ်းမံ ပြင်ဆင်ထားရှိသည်။

၁၉၈၈ခုနှစ် အခြေအနေနှင့် ၁၈-၉-၁၉၈၈မှ ၁၂-၂-၂၀၀၅ရက်နေ့အထိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်းကို စာရင်းဇယားပြည့်စုံစွာဖြင့် ဖော်ပြထားသည်။ တပ်မတော်အစိုးရသည် ပြည်သူတို့၏ အကျိုးစီးပွားကို ဆောင်ကြဉ်းရာတွင် နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်ဖြင့် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးဦးတည်ချက်များ ချမှတ်လျက် အကောင်အထည်ဖော် ဆောင်ရွက်နေသည်။ ၁၉၉၃ခုနှစ်က စတင်ကျင်းပခဲ့သော အမျိုးသားညီလာခံကြီးအား ဆက်လက်ကျင်းပခြင်း၊ ပြည်သူလူထု၏ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ တိုးတက်စေရန် ပံ့ပိုးပေးခြင်း၊ အားကစားလှုပ်ရှားမှုများ အားပေးဆောင်ရွက်ခြင်း၊ သာသနာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးခြင်း၊ ပညာသင်ကြားရေး အဆင့်မြှင့်တင်ပေးခြင်း၊ တိုင်းရင်းသားများ ချစ်ကြည်သွေးစည်းရေးအတွက် ငြိမ်းချမ်းရေးရယူပြီး ပူးပေါင်းဆောင်ရွက်ခြင်း၊လူမှုရေးအဖွဲ့အစည်းများကို အားပေးကူညီခြင်း၊ ရိုးရာယဉ်ကျေးမှု အရှည်တည်တံ့ရန် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲများကျင်းပပေးခြင်း၊ **“တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်”**ဆိုသည့်အတိုင်း စွမ်းရည်သုံးရပ်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ခြင်း၊ နေ့ညမပြတ် ဖွံ့ဖြိုးတိုးတက် ဖြစ်ထွန်းလာမှုများကို အကြီးအကဲများက လှည့်လည်စစ်ဆေးခြင်း အပါအဝင် တိုင်းကျိုးပြည်ပြုလုပ်ငန်းများ ပေါ်လွင်အောင် ခင်းကျင်းပြသထားသည်ကို တွေ့ရှိရသည်။

ထို့နောက် ကျွန်မသည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ပြခန်းသို့ဝင်ရောက်ကြည့်ရှုခဲ့ရာ ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့မှ တူးဖော်တွေ့ရှိသောမြေအောက်တွင် တည်ရှိနေသည့် ကျောက်စိမ်းနဂါးကြီးကို ရုပ်ပုံကြီးဖြင့် တင်ဆက်ပြသထားသည်။ ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်းမြို့နယ် ခါကာဘိုရာဇီ တောင်ထိပ်သို့တောင်တက်ခြင်း၊ ရွှေလီ၊ မိုးညှင်း၊ မူလာရီဒီး ကြိုးတံတား၊ ကျွန်းတော၊ စင်းခန်းတံတား၊ လီဒိုလမ်းမကြီးသမိုင်းကြောင်း၊ ကျောက်စိမ်းထွက်ဒေသများ၊ စေတီပုထိုးပြုပြင်မွမ်းမံခြင်း၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်မှုအခြေပြ၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ တိုင်းစစ်ဌာနချုပ်သမိုင်း၊ ငြိမ်းချမ်းရေးမော်ကွန်း၊ တိုင်းကျိုးပြည်ပြုလုပ်ငန်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတပ်မတော်နေ့စစ်ရေးပြအခမ်းအနား၊ ကချင်လူမျိုးစုံတွဲခြောက်မျိုးပုံတူ၊ ဧရာဝတီ မြစ်အစ မေခနှင့် မလိခ၊ ကချင်ရိုးရာ စသော ပြကွက်များ ပါဝင်သည်။

တိုင်းစစ်ဌာနချုပ်ပြခန်းများ၊ စစ်ရုံးဌာနများအပြင် ပြန်ကြားရေး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး၊ ရထားပို့ဆောင်ရေး၊ ဟိုတယ်နှင့်ခရီး၊ ပြည်ထဲရေး၊ ပညာရေး၊စီးပွားကူးသန်း၊ နိုင်ငံခြားရေး၊ ယဉ်ကျေးမှု၊ နယ်စပ်စည်ပင်စသော ဝန်ကြီးဌာနများမှာလည်း တိုင်းကျိုးပြည်ပြု ဖွံ့ဖြိုးတိုးတက်မှုအစုစုကို သက်ဆိုင်ရာ ကဏ္ဍအသီးသီးအလိုက် ကြိုးပမ်းပြသထားကြသည်။

တပ်မတော်စစ်သမိုင်းပြတိုက်၏ ပြခန်းများမှ လေ့လာမှတ်သားစရာအကြောင်းအရာစုံလင်သည်နှင့်အမျှ ဗဟုသုတအဖုံဖုံ ပြည့်စုံစွာ ပေးစွမ်းနိုင်ကြောင်း တွေ့ရသည်။ တိုင်းနှင့် ပြည်နယ်(၁၄)ခု၏ ဖွံ့ဖြိုးတိုးတက်မှုများကို သိရှိရယုံသာမက အဖိုးထိုက်တန် သမိုင်းဝင် မော်ကွန်းတင်အပ်သော အချက်အလက်များကို တစ်ထိုင်တည်း ရရှိနိုင်သော နေရာလည်းဖြစ်လေသည်။ ထို့ကြောင့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ပြပွဲသို့ အချိန်ယူကာ သွားရောက်လေ့လာသင့်ကြောင်း တင်ပြလိုက်ရပါသည်။ ။

ချောက်မြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး အလင်းစေတမန်စာကြည့်တိုက်ဖွင့် အလှူရှင်များက စာအုပ်မျိုးစုံနှင့်အလှူငွေများ ပေးအပ်လှူဒါန်း

ချောက် မတ် ၂၂

ချောက်မြို့နယ် ရွာမကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး အလင်းစေတမန် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မတ် ၉ရက် နံနက်က ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအေးဟန်၊ အဖွဲ့ဝင်(၁)ဒုတိယရဲမှူးချစ်ဆွေနှင့် ရွာမကျေးရွာဥက္ကဋ္ဌ ဦးကြည်ဝင်းတို့က စာကြည့်တိုက် အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်(၁)တို့က အမှာစကားများပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးမြင့်သန်းက စာကြည့်တိုက် အကျိုးကျေးဇူးနှင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေး နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အလင်းစေတမန် စာကြည့်တိုက်တွင် အသုံးပြုရန်အတွက် စာအုပ်မျိုးစုံနှင့် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဆရာတော်ဦးဉာဏ္ဍကိုယ်စား ဦးကျောက်ဒိုးက စာအုပ်မျိုးစုံ ၅၀၊ အဖွဲ့ဝင်(၂)ဦးသက်ဦးက စာအုပ်မျိုးစုံ ၁၀၀၊ ချောက်မြို့နယ် ရဲတပ်ဖွဲ့နှင့်မိသားစုများက လှူဒါန်းသည့် စာအုပ်မျိုးစုံ ၅၀ကို ဒုတိယရဲမှူးချစ်ဆွေကလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့အတွင်းရေးမှူး ဒေါ်ဆွေဆွေဝင်းက တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက လှူဒါန်းသည့် အလှူငွေကျပ် ၇၅၀၀ကို လည်းကောင်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကြည်ဝင်းက လက်ခံရယူကြောင်း သိရသည်။

ညောင်ဇင်ကျေးရွာ

အလားတူ ညောင်ဇင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး အလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲကို ထိုနေ့မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကြို့ပင်ကောက် မြို့နယ် မြို့လယ်ချောင်းကျေးရွာ ဦးမြင့်သိန်း၏ ကျေးလက် အိမ်ရာ ဆောက်လုပ်ပြီးစီးမှုကို မြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင် မတ် ၅ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

မော်ကျွန်းတွင် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်

မော်လမြိုင်ကျွန်း မတ် ၂၄

မော်လမြိုင်ကျွန်းမြို့နယ် တံခွန်တိုင်ကျုံဝါးကျေးရွာအုပ်စု ကျုံဝါးကျေးရွာတွင် ဒေါ်စိန်မြင့် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မတ်၁၂ရက် နံနက် ၉နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရှေးဦးစွာ စာကြည့်တိုက် အဆောက်အအုံကို မော်လမြိုင်ကျွန်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးမြင့်လွင်၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့နှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်နှင့် စာကြည့်တိုက် အလှူရှင်ဒေါ်စိန်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ရှင်းလင်းပြောကြား

ဆက်လက်၍စာကြည့်တိုက် အလှူရှင် ဒေါ်စိန်မြင့်က စာကြည့်တိုက် ဆောက်လုပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ငွေကျပ်ကိုးသိန်းတန်ဖိုးရှိ စာကြည့်တိုက် အဆောက်အအုံ၊ ပရိဘောဂနှင့် မဂ္ဂဇင်းစာအုပ်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးသို့ ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဒေါ်စိန်မြင့် စာကြည့်တိုက်အတွက် အလှူငွေနှင့် မဂ္ဂဇင်းစာအုပ်များ လှူဒါန်းပွဲအခမ်းအနားကျင်းပရာ အလှူရှင်များက အလှူငွေနှင့် မဂ္ဂဇင်းစာအုပ်များကို စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစိန်သန်းထံ ပေးအပ်လှူဒါန်းကြသည်။

ၶင်းနောက် စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် စာပေတန်ဖိုးကြီးမားပုံ အကြောင်းကို သတင်းထောက် ခရမ်းစိုးမြင့်နှင့် မော်ကျွန်းမြင့်အောင်တို့က ဟောပြောကြကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြု ကတ္တရာလမ်းနှင့် ကျောက်ချောလမ်းသစ်ဖွင့်ပွဲကျင်းပ

ဖျာပုံ မတ် ၂၃

နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့သည့် ဖျာပုံမြို့ မြို့ပတ်လမ်း အပိုင်း(၂) ကတ္တရာလမ်းသစ်နှင့် ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၁၈ရက် နံနက် ၈နာရီက အဆိုပါလမ်းမုခ်ဦး၌ကျင်းပသည်။

ရှေးဦးစွာ ကတ္တရာလမ်းသစ်နှင့် ကျောက်ချောလမ်းသစ်ဖွင့်လှစ်မှု အခြေအနေကို တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ထွန်းက ရှင်းလင်းတင်ပြပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ရီနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလှမိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါလမ်းမှာ ဖျာပုံမှကျုံကဒွန်း၊မော်ဘီ၊အောင်သာယာ၊အေးသာယာ၊ သမိန်ထော၊ သိမ်ကုန်းနှင့် ကုန်းတန်းကျေးရွာများသို့ သွားသောမော်တော်ကားလမ်းနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်ပြီး ကတ္တရာလမ်းအရှည်ပေ ၇၀၀ကို ကုန်ကျငွေကျပ်၂၆ဒသမ၄သိန်း၊ ကျောက်ချောလမ်းအရှည်ပေ၆၁၀၀ကို ကုန်ကျငွေကျပ် ၉၂၃ဒသမ ၇သိန်းဖြင့် အကုန်အကျခံဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၁၅၈)**

နှစ် (၆၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြု မတ္တရာမြို့နယ်တွင် ကျေးလက်လမ်းနှင့် စက်ရေတွင်းဖွင့်ပွဲများကျင်းပ

မတ္တရာ မတ် ၂၀

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဝသုန္ဒရ–ငါးမွန်တောင်ကျေးလက်လမ်း ဖွင့်ပွဲအခမ်းအနားကို မတ် ၅ ရက်က ကျင်းပသည်။

အဆိုပါ ဝသုန္ဒရ–ငါးမွန်တောင် လမ်းသည် ဂျင်းကျောက်ခင်းလမ်း အမျိုးအစားဖြစ်ပြီး အရှည်ပေ ၅၈၁၀ နှင့် အကျယ် ၁၈ပေရှိပြီး အဖွဲ့ရန်ပုံငွေကျပ် ၃၉သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ကျေးလက်ရေပေးရေးလုပ်ငန်းများဖွင့်ပွဲကို နံနက် ၉ နာရီက လက်ဝဲကြီးကျေးရွာ စက်ရေတွင်းမုခ်ဦး၌ ကျင်းပသည်။ နှစ်လက်မစက်ရေတွင်းသုံးတွင်း၊ တစ်လက်မခွဲလက်နှိပ်တုံကင် ၁၅တွင်း နှင့် လက်တူးတွင်းကျယ်ခုနစ်တွင်း တို့ကို စည်ပင်သာယာရေးအဖွဲ့ ရန်ပုံ ငွေကျပ် ၅၈ ဒသမ၅သိန်းဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ **(အောက်ပုံ)**

ဆက်လက်၍ မြနန္ဒာလမ်းပိုင်းနှင့် ဈေးအနောက်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဖွင့်ပွဲကို နံနက် ၁၀နာရီက ဈေးအနောက်လမ်း မုခ်ဦး၌ ကျင်းပသည်။

မြနန္ဒာလမ်းပိုင်းမှာ အရှည်ပေ ၄၅၀၊ အကျယ် ၁၂ပေရှိပြီး မြို့နယ်စည်ပင် သာယာရေးအဖွဲ့ရန်ပုံငွေကျပ် ၁၀၆၅၀၀၀ နှင့် ပြည်သူများထည့်ဝင်ငွေ ၆၂၇၇၅ကျပ် စုစုပေါင်းကုန်ကျငွေကျပ် ၁၇၃၄၀၀၀ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ပန်းတနော် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ယင်းယိုကျေးရွာ ကိုယ့်အား ကိုယ်ကိုး ပညာအလင်း စာကြည့်တိုက် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်လှိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးစံသောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

မိုင်းဆတ်မြို့သာယာလှပရေး မြေခင်းအလှပြုပြင်

မိုင်းဆတ် မတ် ၂၀

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့က မိုင်းဆတ်မြို့ သာယာလှပရေး အတွက် မယ်ဆွမ်မြောက်ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် အနော်ရထာလမ်းဆုံရှိ တြိဂံပန်းခြံငယ်တွင် ပျားလိမ္မော် မြို့တော်အဖြစ် ပန်းကလပ်ပုံစံဖြင့် မြေခင်းအလှပြုပြင်ခြင်းလုပ်ငန်းကို မတ်၅ရက်ကဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)တာဝန်ခံအင်ဂျင်နီယာဦးခင်မောင်ဝင်းတို့က ကြီးကြပ်ဆောင်ရွက် ပေးခဲ့ကြောင်းသိရသည်။

(မြို့နယ် စည်ပင်)

ငွေဆောင်ကမ်းခြေ တော်ဝင်ရတနာ

ပျော်ပျော်ပါးပါး ရေကစားဖို့ ငွေဆောင်ကမ်းခြေ သွားကြစို့

အဖွဲ့လိုက်ခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးပါသည်။

မေ(၁၃)ရက်မှ စတင်ထွက်၍ မေ(၁၇)ရက် ရန်ကုန်အရောက်။
(၄)ညအိပ် (၅)ရက် စရိတ်ငြိမ်းခရီးစဉ်(အထူးနှုန်း)

ရန်ကုန်ရုံးချုပ် ၉၈၊ သမိန်ဗရမ်းလမ်း၊ တာမွေ။ **Ph:543689**
လက်မှတ်အရောင်းဌာန –မဥမ္မာ အမှတ်(၂၃)၊ ၁၄၉လမ်း၊ တာမွေ။ **Ph:200875**

အထက(၁)ဒဂုံ အာစရိယပူဇော်ပွဲ

ဒဂုံ(၁)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသားကျောင်းသူဟောင်းများ (၁၉၇၅မှ ၂၀၀၄အထိ)လာရောက် ပူဇော်ကန်တော့ကုသိုလ်ယူကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် – ၃–၄–၂၀၀၅ရက်(တနင်္ဂနွေနေ့)
အချိန် – နံနက် (၉)နာရီ
နေရာ – ဒဂုံသီရိခန်းမ (ဒဂုံ–၁)

အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့(၂၀၀၅)။

နွေရာသီ ကျောင်းပိတ်ရက်အထူးအစီအစဉ်
HAPPY WORLD ပျော်ပွဲစားဥယျာဉ်
"Summer Holidays ကစားရွှင်လန်းရက်"
အခု ပြောင်းသလွန်(?)

- ကွင်းဝင်ကြေး
- အမှတ်တရ ဓာတ်ပုံ
- (၂၈–၃–၂၀၀၅)မှ(၃၀–၄–၂၀၀၅)ထိ

K.M.T TV-VIDEO-AUDIO

FAME
IMMUNOPLEX®

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈ျ/၅၆၇၉ ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ၁၅ ရက်အတွင်း ကညန၊ ခရိုင်ရုံး မင်းဘူးသို့လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ခရိုင်ရုံး(မင်းဘူး)။**

Sale Executive
Admin Assistance
Chemist
B.Sc (Chem:)
Driver
MM Import Export Co., Ltd.

AMIGO
CAR RENTAL
www.amigo-tour.com
10% (Off)

ဒေါ်ခင်သန်းလွင် (AMA-116669)

အမှတ် (၃၆၅) ၈၄လမ်း၊ (၃၇ x ၃၈ လမ်းကြား) ရတနာအနောက် (ရွှေတံငါရပ်ကွက်) မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့နှင့် သက်ဆိုင်သူ အများသိစေရန်

မန္တလေးမြို့ အောင်မြေသာဇံမြို့နယ်(၈၂ X ၈၃လမ်းကြား) ၂၆လမ်း၊ အမှတ် (၁၀၀)တွင် တည်ရှိသော TMW Enterprise Limited, { SONY Showroom & Service Centre } ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်သန်းလွင်သည် TMW Enterprise Limited, { SONY Showroom & Service Centre } ၏ဝန်ထမ်းတစ်ဦးဖြစ်ပြီး TMW Enterprise Limited ၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သော EXCELLENT CREATION မှ ကူးယူထုတ်လုပ်ဖြန့်ချိသော တေးသီချင်း၊ ဗီစီဒီခွေများကို မန္တလေးမြို့အတွက် ဖြန့်ချိရောင်းချပေးရသော တာဝန်ကိုပါ ပူးတွဲထမ်းဆောင်နေသော ဝန်ထမ်းတစ်ဦး ဖြစ်ပါသည်။

အဆိုပါ ဝန်ထမ်းဖြစ်သူ ဒေါ်ခင်သန်းလွင်သည် EXCELLENT CREATION မှ ကူးယူထုတ်လုပ်ဖြန့်ချိသော တေးသီချင်း၊ ဗီစီဒီခွေများအား မန္တလေးမြို့အတွက် ဖြန့်ချိရောင်းချ၍ ရရှိသော ငွေများအနက် ငွေကျပ် ၂၁၅၂၀၁၇၃/–(ငွေကျပ်နှစ်ရာတစ်ဆယ့်ငါးသိန်း နှစ်သောင်းတစ်ရာခုနစ်ဆယ့်သုံးတိတိ)ကို ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ထားကြောင်း ကုမ္ပဏီမှ စစ်ဆေးတွေ့ရှိခဲ့ပါသည်။

ထိုသို့ စစ်ဆေးတွေ့ရှိခဲ့သော်လည်း ၎င်းငွေများအား သတ်မှတ်ရက်အတွင်း ကုမ္ပဏီသို့ ပြန်လည်ပေးသွင်းပါက အရေးယူမှု တစ်စုံတစ်ရာ မပြုလုပ်ပါဟု ကုမ္ပဏီတာဝန်ရှိသူများက သက်ညှာစွာ ဆုံးဖြတ်ပေးခဲ့ပါသည်။

ထိုသို့ဆုံးဖြတ်ပေးခဲ့သော်လည်း ဒေါ်ခင်သန်းလွင်သည် ကုမ္ပဏီမှ သတ်မှတ်ပေးထားသော ရက်တွင် ၎င်းအလွဲသုံးစားပြုလုပ်ထားသော ငွေများအားပြန်လည်ပေးဆပ်ခြင်းမရှိသည့်အပြင် ကုမ္ပဏီမှ တာဝန်ရှိသူများ ၎င်းနေအိမ်သို့ သွားရောက်တွေ့ဆုံမှုများကိုလည်း အတွေ့မခံဘဲ ရှောင်ဖယ်လျက်ရှိနေပါသည်။

သို့ဖြစ်ပါသောကြောင့် ဒေါ်ခင်သန်းလွင်အား ၁–၂–၂၀၀၅ရက်မှစ၍ အလုပ်မှ ထုတ်ပစ်လိုက်ပြီးဖြစ်သည့်အတွက် ၎င်းနှင့်ပတ်သက်သော ကိစ္စရပ်များအားလုံးကို ကုမ္ပဏီအနေဖြင့် မည်သည့်တာဝန်မှ ယူမည်မဟုတ်ကြောင်း၊ ဒေါ်ခင်သန်းလွင်ကိုလည်း ဆက်လက်ပြီး တည်ဆဲပြစ်မှုဆိုင်ရာဥပဒေ၊ တရားမ ဥပဒေများဖြင့် တရားစွဲဆိုအရေးယူမှုများ ပြုလုပ်ရန် ဆက်လက်ဆောင်ရွက်နေပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

TMW Enterprise Limited
EXCELLENT CREATION တို့၏ လွှဲအပ်ညွှန်ကြားချက်အရ–
U Tun Tun Aye
LL.B, H.G.P No. 20654.

၂၀၀၅ ရန်ကုန် သင်္ကြန်ရေကစားမဏ္ဍပ်များအတွက်

ရေအားအကောင်းဆုံးရရှိရန်
ရေပန့်များ ဈေးနှုန်းချိုသာစွာဖြင့် ငှားရမ်းပေးပါသည်။
ဆက်သွယ်ရန် –၀၉–၉၉ ၇၁၀၃၄။

ကွာရှင်းပြတ်စဲခြင်း

ကျွန်တော် ဦးအေးသိန်း ၁၂/စခန(နိုင်) ၀၁၃၉၀၀ နှင့်ဒေါ်စုစုခင် ၁၂/စခန(နိုင်) ၀၁၃၈၈၅ တို့သည် ၇–၃–၂၀၀၅ ရက်တွင် သဃ်္ဃန်းကျွန်းမြို့နယ်တရားရုံး၌ ကွာရှင်းပြီးဖြစ်ပါသည်။ ဒေါ်စုစုခင်နှင့်ပတ်သက်သည့် ကိစ္စအဝဝသည် ကျွန်တော် ဦးအေးသိန်းနှင့် လုံးဝပတ်သက် သက်ဆိုင်ခြင်း မရှိကြောင်းနှင့် ကျွန်တော့်အား ဒေါ်စုစုခင်နှင့်ပတ်သက်၍ ဂုဏ်သိက္ခာကျဆင်းစေရန် ဆောင်ရွက်သည့် ကိစ္စမှန်သမျှ ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဦးအေးသိန်း ၁၂/စခန(နိုင်)၀၁၃၉၀၀
အမှတ်(၁၅)၊ ရှမ်းရိပ်သာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ဗဟန်းမြို့နယ်၊ ရွှေဂုန်ရိပ်မွန်အိမ်ရာရှိ တိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှ အမည်ပေါက် ပိုင်ဆိုင်လျက်ရှိပါသည်။ ယခုအခါ အဆိုပါတိုက်ခန်း၏ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသဖြင့် အမည်ပြောင်းလဲပေးခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အကြောင်းကြားလိုက်သည်။

လက်ရှိအမည်ပေါက်ပိုင်ရှင်အမည် မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူအမည်/မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသည့်တိုက်နှင့်အခန်းအမှတ်
ဒေါ်ဖြူဖြူ(ခ)မာလာစိုး ၁၂/ဗဟန(နိုင်)၀၃၈၈၇၃	ဦးသန်းထွန်း ၁၂/အစန(နိုင်)၁၀၇၀၅၀	တိုက်–၄၊အခန်း–၃၁ ရွှေဂုန်ရိပ်မွန်အိမ်ရာ

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

အမျိုးသားပတ်ဝန်းကျင် ထိန်းသိမ်းရေး စုပေါင်းသန့်ရှင်းရေး ရေနံချောင်း၌ကျင်းပ

ရေနံချောင်း မတ် ၂၀

အမျိုးသားပတ်ဝန်းကျင် ထိန်းသိမ်းရေး ရက်သတ္တပတ် လှုပ်ရှားမှု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို မတ် ၅ ရက်က ရေနံချောင်းမြို့ ပြည်သူ့ဆေးရုံ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးလွင်၊ ပြည်သူ့ဆေးရုံ ဆရာဝန် ဒေါက်တာအောင်ကျော်ဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဦးတို့က ကြီးကြပ်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင် များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

မြိုင်မြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြလေ့ကျင့်မှုကို မတ် ၃ ရက်က ကျင်းပရာ အမှုဆောင်အရာရှိဦးအောင်မင်းကြိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မြင့်သန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများ ပေါက်ခေါင်းမြို့နယ်၌ ဆောင်ရွက်

ပေါက်ခေါင်း မတ် ၂၅

ပဲခူးတိုင်း(အနောက်ပိုင်း)ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်စိုးဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများသည် မတ် ၂၀ ရက်က ၂၀၀၄–၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် ကျေးလက် ရေပေးရေးလုပ်ငန်းများမှ လက်နှိပ်တုံကင်များနှင့် တွင်းများအား စစ်ဆေး၍ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် တွေ့ဆုံညှိနှိုင်းခြင်း၊ ကျေးလက်အိမ်ရာ ဆောက်လုပ်မည့် ဝက်တိုး၊ မြောက်မကွေးနှင့် စမ်းကလေးကျေးရွာများသို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ညောင်လေးပင်မြို့နယ်တွင် မီးဘေးလုံခြုံရေးအတွက် စီမံချက်ရေးဆွဲ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၃ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းလွင်စိုး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမောင်မောင်တိုးတို့က မြို့မဈေးကြီးအတွင်းမီးဘေးအန္တရာယ် ကာကွယ်တားဆီးခြင်း လုပ်ငန်းများကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် စည်ပင်)

သင်္ကြန်တွင်း တရားစခန်း

ရန်ကုန် မတ် ၂၉

ပဲခူးတိုင်း ကြို့ပင်ကောက်မြို့ ဇောတိရိပ်သာကျောင်းတိုက်၏ ပဓာနနာယက ပြည်တွင်း ပြည်ပသာသနာပြု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောနက ဆရာတော်သည် ၁၃၆၆ခု တန်ခူးလဆန်း ၄ရက် မွန်းလွဲ၁နာရီမှ တန်ခူးလဆန်း၁၀ရက်အထိ ခုနစ်ရက်စခန်း ဝိပဿနာတရားဟောကြားမည်ဖြစ်သည်။ တရားဘာဝနာပွားများအားထုတ်လိုသူများသည် ကြို့ပင်ကောက်မြို့ ဇောတိရိပ်သာကျောင်းတိုက် ဖုန်း–၅၁ မင်းလှမြို့ စံကျောင်းတိုက် ဖုန်း–၀၅၃–၃၀၂၂၆ တို့သို့ ဆက်သွယ်စာရင်းသွင်းနိုင်ပြီး ဒုလ္လဘရဟန်း၊ ကိုရင်၊ သီလရှင်၊ ရသေ့ဝတ်လိုသော ပုဂ္ဂိုလ်များ ဧပြီ၈ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(၀၄၀)**

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတကာအိုင်စီတီနည်းပညာပြပွဲဖွင့် မည်သူမဆို အခမဲ့ကြည့်ရှုလေ့လာနိုင်

ရန်ကုန် မတ် ၂၉

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းတို့က ပူးပေါင်းကျင်းပသည့် ဆဋ္ဌမအကြိမ် နိုင်ငံတကာ ICT နည်းပညာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံခြားသံရုံးများမှ စာမျက်နှာ ၇ ကော်လံ ၄ ●

မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းပြသထားရှိမှု သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၉

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့နံနက် ၄ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမသို့ရောက်ရှိလာပြီး ၂၀၀၅ ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးရာ ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြသည်။ စာမျက်နှာ ၇ ကော်လံ ၅ ✻

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

လွန်ခဲ့သည့် နှစ်ပေါင်း ၁၁၆ နှစ်က ပန်းချီကား

လွန်ခဲ့သည့်နှစ်ပေါင်း ၁၁၆နှစ်က ပန်းချီကားတစ်ချပ်ကို အမ်စတာဒမ်မြို့ ဗင်ဂိုးပြတိုက်၌ တွေ့ရစဉ်။ (ဓာတ်ပုံ)

အဆိုပါပန်းချီကားကို လွန်ခဲ့သည့် ၁၈၈၈ ခုနှစ်က ပန်းချီကျော်တစ်ဦးဖြစ်သည့် ဗင်ဂိုးက ရေးဆွဲခဲ့ခြင်းဖြစ်ပြီး အလွန်ရှားပါးသော လက်ရာတစ်ခုလည်းဖြစ်သည်။ ယင်းပန်းချီကားကို အမ်စတာဒမ်မြို့ရှိ ဗင်ဂိုးပြတိုက်တွင် စနစ်တကျထိန်းသိမ်းထားလျက်ရှိသည်။ **အေအက်ဖ်ပီ။**

ကမ္ဘာ့အရှည်ဆုံးမုတ်ဆိတ်

ကမ္ဘာ့အရှည်ဆုံး မုတ်ဆိတ်ပိုင်ရှင် ဂျာမနီနိုင်ငံသား အမျိုးသားကြီးတစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ)

ဂျာမနီနိုင်ငံတောင်ပိုင်း စတုဂတ်မြို့တွင်နေထိုင်သော အမျိုးသားကြီးတစ်ဦး၏မုတ်ဆိတ်မွေးမှာ ၂၄ မီတာ အရှည်ရှိရာ ကမ္ဘာပေါ်တွင် မုတ်ဆိတ်မွေးအရှည်ဆုံး လူသားတစ်ဦးဖြစ်ကြောင်းသိရသည်။ **ရိုက်တာ။**

တရားမဝင်လိုင်စင်မဲ့မော်တော်ယာဉ်များအပ်နှံရန် ၃၁–၃–၂၀၀၅ရက်နောက်ပိုင်းတွေ့ရှိက ဥပဒေအရအရေးယူမည်

ရန်ကုန် မတ် ၂၉

တရားမဝင် လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့်ပတ်သက်၍ ၉–၁၁–၂၀၀၄ ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က နိုင်ငံတော်၏တည်ဆဲဥပဒေအရ မည်သည့်ယာဉ်ဖြစ်စေ တရားဝင်ဖြစ်သော လိုင်စင်ရှိမှသာ မောင်းနှင်အသုံးပြုခွင့်ရှိမည်ဖြစ်ကြောင်း၊ လိုင်စင်မဲ့မော်တော်ယာဉ်များကို ယခုအခါ သိမ်းဆည်းလျက်ရှိကြောင်း၊ ထိုသို့သိမ်းဆည်းရာတွင် ယာဉ်ကိုသာ သိမ်းဆည်းမည်ဖြစ်ပြီး ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းစသည့်ပုဂ္ဂိုလ်များအား အရေးယူခြင်း၊ မည်သူ့ထံမှ ဝယ်ယူသည်၊ မည်သည့်လမ်းကြောင်းမှ တင်သွင်းသည်စသည်တို့ကို မေးမြန်းမည်မဟုတ်ကြောင်း၊ လိုင်စင်မဲ့ မော်တော်ယာဉ်လက်ဝယ်ရှိသူသည် အနီးဆုံးမြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းများသို့ စာမျက်နှာ ၉ ကော်လံ ၄ ❒

မြန်မာ့အလင်း ခေါင်းကြီး ဆောင်းပါး အညွှန်း

❒ ယခုအခါ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ခဲ့သောကြောင့် နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ခေါင်းကြီး (စာ–၂)

❒ ယနေ့အမျိုးသားညီလာခံတွင် အုပ်ချုပ်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း၌ နိုင်ငံ့ဝန်ထမ်းများဆိုင်ရာနှင့်ပတ်သက်၍ အသေးစိတ်အခြေခံမူများ ချမှတ်နိုင်ရန် ဆွေးနွေးညှိနှိုင်းနေကြသည်ကို မြင်တွေ့နေရပေသည်။

ဟိန်းမြင့်၏ဆောင်းပါး (စာ–၁၀၊ ၁၁)

❒ တပ်မတော်စစ်သမိုင်းပြတိုက်၏ပြခန်းများမှ လေ့လာမှတ်သားစရာအကြောင်းအရာ စုံလင်သည်နှင့်အမျှ ဗဟုသုတအဖုံဖုံ ပြည့်စုံစွာပေးစွမ်းနိုင်ကြောင်းတွေ့ရသည်။

ခင်ပြည်ချစ်၏ဆောင်းပါး (စာ–၁၅)